# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆန်း (၁၄)ရက် ၊ သောကြာနေ့ ၊ (25-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၄၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရိုင်မြို့များတွင် က.ည.နရုံးများ ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းလုပ်ငန်းများ စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး၊သစ်တောများ

**စာမျက်နှာ ၁၈ ကော်လံ ၁**

## ရတနာပုံ ယနေ့ဖတ်စရာ

**တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ**

စာမျက်နှာ - ၂၀

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံ အမှန်တရားနှင့်တရားမျှတသော အမျိုးသားပါတီ(MNTJP/MNDAA)တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ - ၁၆

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၂၄**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန ဖလမ်းမြို့ မူလတန်းကြိုကျောင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်၊ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်တာဝန်ခံတို့က

**စာမျက်နှာ ၂၁ ကော်လံ ၁**

## တွန်းဇံမြို့၌ ဆက်သွယ်ရေးကွန်ရက်သုံး MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြုနိုင်ပြီဖြစ်


**တွန်းဇံ စက်တင်ဘာ ၂၄**

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုပြန်လည်ကောင်းမွန်ရေးနှင့်

**စာမျက်နှာ ၂၁ ကော်လံ ၁**



## အားကောင်းသော မုန်တိုင်းငယ် တဖြည်းဖြည်း အားလျော့သွားမည်




**နေပြည်တော် စက်တင်ဘာ ၂၄**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့နှင့် ဂိုလ်ပါပူမြို့တို့ကြား ကာလင်ဂါပတ္တနမ်မြို့၏ အနောက်တောင်ဘက်အနီးမှ

**စာမျက်နှာ ၂၄ ကော်လံ ၄**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ

**စာမျက်နှာ ၂၂ ကော်လံ ၃**

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။



ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၅ ရက်
အယ်ဒီတာ့အာဘော်

# စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်နေသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျရုံသာမက ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေသည့် အခြေခံအကျဆုံးလုပ်ငန်းလည်းဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို လှမ်းကိုင်နိုင်ရန်အတွက် ရိုးရာစိုက်ပျိုးမွေးမြူရေးမှသည် ခေတ်မီနည်းပညာများအသုံးပြုသည့် စီးပွားဖြစ်ကုန်ထုတ်လုပ်မှုစနစ်သို့ ကူးပြောင်းရန်မှာလည်း အရေးကြီးလှပေသည်။ ထို့ကြောင့် ရိုးရာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို သိပ္ပံနည်းကျနည်းပညာရပ်များနှင့် ပေါင်းစပ်ထားသည့် ခေတ်မီစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များက အလေးထားပြောင်းလဲလုပ်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများကို ရရှိနိုင်ပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အထွက်နှုန်းများတိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးကိုလည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ အာဟာရပြည့်ဝသည့်မြေဩဇာများအသုံးပြုခြင်း၊ စိုက်ပျိုးရေနှင့်အောင်ရေ လုံလောက်စွာအသုံးပြုခြင်း၊ ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်စိုက်ပျိုးခြင်းတို့ဆောင်ရွက်နိုင်ပါက ပြည်တွင်းစားနပ်ရိက္ခာဖူလုံလာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စွာလည်ပတ်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးခြင်း၊ မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များကို ဈေးနှုန်းသက်သာစွာဖြင့်ဖြန့်ဖြူးရောင်းချခြင်း၊ အခြားလိုအပ်သောသွင်းအားစုများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

မွေးမြူရေးကဏ္ဍတွင်လည်း စားရေရိက္ခာဖူလုံရေးအတွက် အသားငါးများ ပြည်တွင်း၌ ဖူလုံမှုရှိစေရန် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စသည်တို့ကိုလည်း ဒေသအလိုက်မွေးမြူကြရမည်ဖြစ်သည်။ သို့မှသာ ပြည်တွင်းအသားငါးစားသုံးမှုဖူလုံပြီး ပိုလျှံသည်ကို ပြည်ပသို့တင်ပို့နိုင်ပါက နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိလာမည်ဖြစ်သည်။ ထို့ပြင် မွေးမြူရေးကဏ္ဍတွင် မွေးမြူရေးတိရစ္ဆာန်များ ရောဂါကူးစက်မှုကင်းဝေးစေရန်အတွက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများက မွေးမြူရေးခြံများ၏ သန့်ရှင်းရေးနှင့် ဝင်ထွက်သွားလာမှုထိန်းချုပ်ခြင်းဆိုင်ရာဇီဝလုံခြုံရေးစံနှုန်းများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးမှထွက်သောပစ္စည်းများကို မွေးမြူရေးအစာအဖြစ်သုံးစွဲပြီး မွေးမြူရေးမှရသော တိရစ္ဆာန်အညစ်အကြေးများကို စိုက်ပျိုးရေးတွင်သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးချခြင်းဖြင့် အလေအလွင့်မရှိသောအပြန်အလှန်အကျိုးပြုမှုကို ရရှိမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာပါက ပြည်သူတစ်ရပ်လုံး၏ စားရေရိက္ခာကိုဖူလုံစေရုံသာမက လူမှုစီးပွားဘဝကိုမြှင့်တင်ပေးနိုင်သော လုပ်ငန်းများဖြစ်သည့်အပြင် နိုင်ငံတော်၏စီးပွားရေးလည်း တိုးတက်စေမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က အားပေးမြှင့်တင်ဆောင်ရွက်နေသကဲ့သို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသူများကလည်း အလေးထားကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၁၂၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**အရာတော် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၁၂၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၃၁၂၁၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၁၂၇၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်း ၃၁၂၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းအထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြား စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့်စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောက်ဆည်မြို့နယ် မြို့သာကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဆည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သာကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ရန်ပုံငွေဖြင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်ဆုအောင်နှင့် ဝန်ထမ်းများက RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြို့သာကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများ ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အစုအဖွဲ့စနစ်ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ချယ်ရီအဖွဲ့၊ အင်ကြင်းအဖွဲ့၊ ငုဝါအဖွဲ့နှင့် ပိတောက်အဖွဲ့တို့ကို တစ်ဖွဲ့လျှင် စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်းစီ ထုတ်ချေးပေးထားကြောင်း၊ အဆိုပါရန်ပုံငွေများဖြင့် နို့စားနွား ၁၂ ကောင် မွေးမြူခဲ့ရာ ယခုအခါ အကောင်ရေ ၂၀ ထိ တိုးပွားလာပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**အထွေး**

# ဟင်္သာတမြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေ

**ဟင်္သာတ စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၁၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ကွမ်းရွက်တစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကလဲ ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်အရောင်းအဝယ်သမားတွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက်ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ဟင်္သာတမြို့နယ် ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဟင်္သာတမြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ကွမ်းရွက်စိုက်ပျိုးသူများ၊ ပွဲရုံပိုင်ရှင်များ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ညောင်ဦးခရိုင် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ညောင်ဦး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား၊ ကျောင်းသူများ စာဖတ်စွမ်းရည်နှင့် အသိပညာဗဟုသုတ တိုးပွားလာစေရန်ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၂၃ ရက်က အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာတွင်သာမက ပြင်ပစာပေများကိုလည်း လေ့လာစေလိုကြောင်း၊ စာပေလေ့လာသည့် နိုင်ငံသားတိုင်း တိုးတက်၍ တိုးတက်သည့် နိုင်ငံတိုင်း စာပေဗဟုသုတနှင့် ပြည့်စုံကြကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက "ဒို့ကျေးရွာ" ဂျာနယ်ပါဆောင်းပါးများကို တစ်ဦးချင်းဖတ်ရှု၍ ပြန်လည်ဆွေးနွေးခဲ့ရာ ပြန်လည်ဆွေးနွေးမှုအကောင်းဆုံးကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်၊ စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

# သာစည်မြို့နယ် ကန်ရိုးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကွက်ကျေးရွာအုပ်စု ကန်ရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကန်ရိုးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကန်ရိုးကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို ရန်ပုံငွေကျပ် ၂၅ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်း ၁၂၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နှမ်း ၁၂၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၃၃၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉ ဒသမ ၅၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေကို စက်တင်ဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ဧက ၁၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အရည်အသွေးပြည့်ဝသော သီးနှံများ ထွက်ရှိရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စဉ့်ကိုင်မြို့နယ် ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက် ငါးရံ့အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ငါးရံ့ပိဿာချိန် ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးရံ့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လထဲမှာ မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးရံ့ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာ ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ အခုလို ဝယ်ယူအားကောင်းလာတော့ ငါးရံ့မွေးမြူသူတွေနဲ့ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်"ဟု မအူပင်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုယုဝေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၃၅၀၀၀၀ မှ ၄၅၀၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးရံ့များ တင်ပို့ရောင်းချအားကောင်းလာသောကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဂရုဓမ္မအခါတော်နေ့ ဂရုဓမ္မအခါတော်လ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

- သစ်ဆင်းရယ်တဲ့ လမာသာ။
  မြစ်လုံးငယ်ဆူညံလို့
  လှော်တက်သံ လှေပြိုင်ပွဲငယ်
  နွဲ့ပျော်ကြရာ။
- ယုန်ရထားအိမ် သီတလမှာတဲ့
  ပုဏ္ဏဒိန်ကြည်ကြည်ပပါလို့
  မည်ဘဒ္ဒ ကြယ်ပြုဗ္ဗာ
  ယှဉ်လာ၍ပြည့်ဝန်း။
- ဒွါဒရာ ငှက်ဗျိုင်းတာရာနှင့်
  ရွှေရင်းမာ ငုံပွင့်ကင်းကြတယ်
  သင်းတဲ့သည်ပန်း။

**(ဆရာကြီး ဦးပြုံးချို၏ ဆယ့်နှစ်ရာသီဖွဲ့ လေးဆစ်သဖြန်)**

"အာနီ၊ မြခိုင်၊ ရင်းမာလှိုင်က၊ မွှေးကြိုင်ပျံ့သင်း၊ တော်သလင်းဝယ်၊ မြစ်တွင်းရတု၊ ပန်းလှုသဘင်၊ သစ်ဆင်းယင်လျက်၊ လက်သင်လှော်ကား၊ ရွှေသားစက်ကွင်း၊ လှေချင်းလှော်ပြိုင်၊ ခွင့်ရေးကိုင်၍-"

**(ဆီသည်ရွာစား ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဖွဲ့ လူးတား)**

တော်သလင်းလနှင့်ပတ်သက်၍ ရှေးမြန်မာစာပေဂီတပညာရှင်ကြီးများက စာပန်းချီမျိုးစုံခြယ်သကာ အမွှန်းတင် ဂုဏ်ပြုခဲ့ကြသည်။ တော်သလင်းလ၏ ရာသီအမည်က "ကန်" စန်းပြည့်နက္ခတ်က "ဘဒြပိုဒ်" ယှဉ်တာရာက "ဗျိုင်းတာရာ"၊ ရာသီရုပ်က "လှေစီးသတို့သမီး"၊ ရာသီပန်းက "ရင်းမာပန်း" ရာသီပွဲက "လှေသဘင်ပွဲတော်" လပြည့်သန်းခေါင်နတ်ပေါင်းခပင်က "ကုလားမျက်စိပင်၊ နွားလျှာကြီးပင်"၊ ရက်ရာဇာက "ကြာသပတေး၊ စနေ" ပြဿဒါးက "ဗုဒ္ဓဟူး၊ သောကြာ" စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။

တောင်သူလယ်သမားများက တော်သလင်းမိုးနှင့်ပတ်သက်၍ "တော်သလင်းမိုး ကန်သင်းကျိုး"ဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။ ရှေးစာဆိုများကလည်း "တော်သလင်းတိမ်ညို၊ စားဖိုသည်ဆင်းရဲ၊ မိုးမစဲ"ဟု တော်သလင်းမိုး အစိုးမရပုံကို ညွှန်းဆိုခဲ့ကြသည်။

ပုဂံခေတ်ကျောက်စာတွင် "တော်သလင်းလ"ဟု ခေါ်ဆိုခဲ့ကြပြီး ညောင်ရမ်းခေတ်၊ ဒုတိယအင်းဝခေတ်တွင် "သစ်ဆင်းလ"ဟု ခေါ်ဆိုခဲ့ကြသည်။ သို့သော် "သစ်ဆင်းလ"ကို စာပေတေးကဗျာ၊ ရာသီဖွဲ့များတွင် သုံးနှုန်းခဲ့ကြပြီး သက္ကရာဇ်မှတ်တမ်းတွင်မူ "တော်သလင်းလ" ဟုသာ သုံးနှုန်းခေါ်ဆိုခဲ့ကြသည်။

"တော်"= အထက်ကောင်းကင်၊ "သလင်း"= သာယာခြင်း၊ ထွန်းလင်းခြင်း။ ထို့ကြောင့် "တော်သလင်းလ"ကို အထက်ကောင်းကင်တစ်ခွင်တွင် သာယာထွန်းလင်းနေသောလဟု သတ်မှတ်ထားကြသည်။ "တော်သလင်းမြစ်တွင်း၊ သဲဖြူခင်း" ဟူသော စကားနှင့်အညီ မိုး၊ လေ၊ မုန်တိုင်း၊ လှိုင်းမထန်တော့ဘဲ သာယာကြည်နူးဖွယ် ရာသီအခါသမယဖြစ်သည်။

တော်သလင်းလမြစ်ရေပြင်ထဲတွင် "သစ်ဆင်းပွဲ" "လှေပြိုင်ပွဲ" များကို ကျင်းပခဲ့ကြသည်။ "သစ်ဆင်းပွဲ" "သစ်ဆင်းလ"ဟု ခေါ်ဆိုခဲ့ခြင်းမှာ ထိုလတွင် ရေစီးရေလာကောင်းမွန်သောကြောင့် အထက်အညာတစ်ခွင်မှ သစ်ဖောင်၊ ဝါးဖောင်များကို အောက်အရပ်သို့ စုန်ဆင်းမျှောချကြခြင်း၊ မိုးတွင်းကာလမှ ရိုးမတောင်တန်းများပေါ်၌ ခိုအောင်းနေကြသော သတ္တဝါများသည် ထိုလတွင် မြေပြန့်လွင်ပြင်ဆီသို့ ပြောင်းရွှေ့ဆင်းသက်လာကြခြင်း၊ မြစ်ကမ်းဘေးမှာ စိုက်ထူထားသော သစ်တိုင်အမြင့်များပေါ်မှ အောက်ရှိမြစ်ရေပြင်ပေါ်သို့ အားကစားသဘောမျိုး ခုန်ဆင်းကြခြင်းများကြောင့် သတ်မှတ်ခေါ်ဆိုခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် တော်သလင်းလတွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်ကျယ်များ၌ လှေလှော်ပြိုင်ပွဲများကို ရှေးမင်းအဆက်ဆက်ကတည်းက နှစ်စဉ်ကျင်းပခဲ့ကြသည်။ ထိုသို့ လှေလှော်ပြိုင်ပွဲများ ကျင်းပခြင်းမှာ လှေတပ်မတော်အတွက် စစ်သည်ကောင်းများပေါ်ထွန်းလာရေးပင် ဖြစ်သည်။ ပုဂံခေတ်၊ နရပတိစည်သူမင်းလက်ထက်၊ စစ်သည်တော်များ ရွေးချယ်ရာတွင် (၁) ခြေဆယ်ပွဲရမှ မြင်းတင်ရာသည် (၂) မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည် (၃) ဆင်ဆယ်ပွဲရမှ လှေတင်ရာသည် (၄) လှေဆယ်ပွဲရမှ လေးရာပြုကို ပေးရသည်ဟု အရည်အချင်းစစ်တမ်းအရ လှေတပ်မတော်သည် အဆင့်အမြင့်ဆုံးတပ်မတော်ဖြစ်ခဲ့သည်။ နယ်ချဲ့လက်အောက်ရောက်မှ မေးမှိန်သေးသိမ်သွားခဲ့ပြီး လှေရေး ၃၇ ရေး အတတ်ပညာလည်း ပျောက်ကွယ်ခဲ့ရသည်။

**❖ ကလိင်္ဂမင်းကြီးကိုယ်တိုင် စံပြအဖြစ် ငါးပါးသီလကိုခံယူဆောက်တည်ခဲ့သည့်အပြင် တိုင်းသူပြည်သားများကိုလည်း "ဂရုဓမ္မမြတ်သီလ"အဖြစ် စောင့်ထိန်းစေခဲ့ရာ ဒွန္တပူရတိုင်းပြည်တွင် မိုးလေမှန်ကန်ပြီး စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာခဲ့ကာ တိုင်းပြည်သည်လည်း စည်ပင်ဝပြော အေးချမ်းသာယာလာခဲ့သည်။ ဤသည်ကိုအကြောင်းပြုပြီး မြတ်စွာဘုရားက တော်သလင်းလမှာပဲ ငါးပါးသီလကို အထူးဂရုဓမ္မဖြစ်ဖွယ် ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဟောကြားတော်မူခြင်းကို ထာဝစဉ်ပူဇော်လိုက်နာကျင့်ကြံကြစေရေးအတွက် တော်သလင်းလကို "ဂရုဓမ္မအခါတော်လ"တော်သလင်းလပြည့်နေ့ကို "ဂရုဓမ္မအခါတော်နေ့" သတ်မှတ်ဖော်ကျူး ပူဇော်နေကြခြင်းဖြစ်သည်။ ❖**

လှေပြိုင်ပွဲသဘင်များကို "ပန်းလှုသဘင်၊ ရေပွဲသဘင်၊ တက်ရေးပြပွဲ၊ မြစ်ယံပွဲ၊ နဒီပွဲနှင့် အဏ္ဏဝါပွဲ" ဟူ၍လည်း ခေါ်တွင်ခဲ့ကြသည်။

တော်သလင်းလ၏ လောကီရေးရာပွဲတော်များအပြင် လောကုတ္တရာရေးရာ ထူးခြားပူဇော်ပွဲလည်း ရှိသည်။ ထိုပူဇော်ပွဲမှာ တော်သလင်းလကို "ဂရုဓမ္မအခါတော်လ" တော်သလင်းလပြည့်နေ့ကို "ဂရုဓမ္မအခါတော်နေ့"ဟု သတ်မှတ်ပူဇော်လိုက်နာကျင့်ကြံနေကြခြင်းပင်ဖြစ်သည်။

**"ပဉ္စသီလ ခေါ် ဂရုဓမ္မမြတ်သီလ"**

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ တော်သလင်းလတွင် မြတ်စွာဘုရားရှင်သည် တိကနိပါတ်၊ ဂရုဓမ္မဇာတ်ကို ဟောကြားတော်မူခဲ့သည်။

ကုရုတိုင်း ဣန္ဒပတ္ထနိဂုံရ်ပြည့်ရှင် ဘုရားအလောင်းတော် ဓနဥ္စယကောရဗျမင်းကြီးနှင့် မယ်တော်ကြီး၊ မိဖုရားကြီး အပါအဝင် ညီတော်အိမ်ရှေ့မင်းသား၊ ပရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေးကြီး၊ တင်းခြင်အမတ်၊ တံခါးစောင့်တပ်မှူးနှင့် ပြည့်တန်ဆာမတို့သည် ဂရုဓမ္မငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းခဲ့ကြသည်။ ဘုရင်မင်းကြီးကလည်း မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့သည့်အပြင် အလှူဒါနများကိုလည်း နေ့စဉ်ပြုကျင့်လှူဒါန်းခဲ့သည်။ ထို့ကြောင့် ဣန္ဒပတ္ထနိဂုံရ်ပြည်ကြီးတွင် ဒုစရိုက်မှုများ ကင်းစင်ပြီး ဆန်ရေစပါးပေါများ ကြွယ်ဝနေခဲ့သည်။ သဘာဝဘေးအန္တရာယ်များလည်းကင်းဝေးပြီး အေးချမ်းသာယာနေခဲ့ကြသည်။

သို့သော် အိမ်နီးချင်း၊ ကလိင်္ဂမင်းအုပ်စိုးရာကာသိတိုင်း၊ ဒွန္တပူရတိုင်းပြည်မှာကား ငါးပါးသီလပျက်စီးပြီး တရားမဲ့နေကြသောကြောင့် ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ရေရှားဖြစ်ပွားကာ စပါးသီးနှံများမဖြစ်ထွန်းတော့ဘဲ တိုင်းသူပြည်သားများဆင်းရဲငတ်မွတ်ခေါင်းပါးမှုကို ခံနေခဲ့ကြရသည်။ ဆင်းရဲမွဲတေငတ်ပြတ်မှုများ၏ နောက်ဆက်တွဲပြဿနာများဖြစ်ကြသော ခိုးဝှက်လုယက်သတ်ဖြတ်မှုများနှင့် ဒုစရိုက်မှုများစွာလည်း ထူပြောလာခဲ့သည်။ ကပ်ဘေးမျိုးစုံကို ကြုံတွေ့ခံစားလာခဲ့ကြရသည်။

ထို့ကြောင့် တိုင်းသူပြည်သားများက နန်းတော်ရင်ပြင်သို့ စုပေါင်းရောက်ရှိလာခဲ့ကြပြီး "အရှင်မင်းမြတ် တရားမစောင့်လို့ မိုးခေါင်ရေရှားပြီး တိုင်းသူပြည်သားများ ဆင်းရဲဒုက္ခရောက်နေကြကြောင်း" ပြောဆိုဟစ်ကြွေး ဆန္ဒပြခဲ့ကြသည်။ သည်တော့မှ ကလိင်္ဂမင်းက "ရှေးအဆက်ဆက်မင်းများသည်မိုးရွာအောင် မည်ကဲ့သို့ဆောင်ရွက်ခဲ့ကြသလဲ"ဟုမေးမြန်းခဲ့ရာ "မင်းကြီး ရှေးမင်းတို့သည် အလှူကြီးပေးပြီး သီလဆောက်တည်အဓိဋ္ဌာန်ပြုကာ ကျက်သရေတိုက်ခန်းထဲမှာ မြေစာမြက်ကိုခင်းပြီး အိပ်စက်ကြတာကြောင့် မိုးရွာပါတယ်"ဟု အမတ်၊ ပုဏ္ဏားများက ပြန်လည်ဖြေကြားခဲ့ကြသည်။ ဘုရင်က အမတ်၊ ပုဏ္ဏားများ ဖြေကြားသည့်အတိုင်း ပြုကျင့်ဆောင်ရွက်ခဲ့သော်လည်း မိုးကမရွာဘဲ မိုးခေါင်နေဆဲဖြစ်နေခဲ့သည်။

အမတ်တွေက "မင်းကြီး...ဣန္ဒပတ္ထနိဂုံရ်ပြည်မှာရှိတဲ့ ဓနဥ္စယကောရဗျမင်းကြီးရဲ့ မင်္ဂလာဆင်ဖြူတော်ကို ဆောင်ယူနိုင်ရင် မိုးရွာပါမယ်"ဟု လျှောက်ထားကြသောကြောင့် ဓနဥ္စယကောရဗျမင်းကြီးထံ လက်ဆောင်ပဏ္ဏာများနှင့်အတူ ပုဏ္ဏားရှစ်ယောက်ကို မင်္ဂလာဆင်ဖြူတော် အလှူခံစေလွှတ်ခဲ့သည်။ ဘုရားအလောင်း ဓနဥ္စယကောရဗျမင်းကြီးကလည်း နှမြောတွန့်တိုခြင်းအလျင်းမရှိဘဲ မင်္ဂလာဆင်ဖြူတော်ကို လှူဒါန်းခဲ့သည်။ သို့သော် ဒွန္တပူရတိုင်းပြည်သို့ မင်္ဂလာဆင်ဖြူတော် ရောက်ရှိလာခဲ့သော်လည်း မိုးကမရွာဘဲ ခေါင်နေဆဲပင်။

ကြံရာမရသည့်နောက်ဆုံးတွင် ဂရုဓမ္မငါးပါးသီလ လေ့လာရေးအဖွဲ့ကို ဣန္ဒပတ္ထနိဂုံရ်ပြည်သို့ စေလွှတ်ခဲ့ပြီး ဘုရားအလောင်းမင်းကြီးအပါအဝင် အခြားသော ပုဂ္ဂိုလ်များထံမှ ငါးပါးသီလကို ရွှေပေထက်မှာ ကူးယူမှတ်သား ဆောင်ယူလာစေခဲ့သည်။ ကလိင်္ဂမင်းကြီးကိုယ်တိုင် စံပြအဖြစ် ငါးပါးသီလကို ခံယူဆောက်တည်ခဲ့သည့်အပြင် တိုင်းသူပြည်သားများကိုလည်း "ဂရုဓမ္မမြတ်သီလ"အဖြစ် စောင့်ထိန်းစေခဲ့ရာ ဒွန္တပူရတိုင်းပြည်တွင် မိုးလေမှန်ကန်ပြီး စပါးသီးနှံများ အောင်မြင်ဖြစ်ထွန်းလာခဲ့ကာ တိုင်းပြည်သည်လည်း စည်ပင်ဝပြော အေးချမ်းသာယာလာခဲ့သည်။

ဤသည်ကိုအကြောင်းပြုပြီး မြတ်စွာဘုရားက တော်သလင်းလမှာပဲ ငါးပါးသီလကို အထူးဂရုဓမ္မဖြစ်ဖွယ် ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ ဟောကြားတော်မူခြင်းကို ထာဝစဉ်ပူဇော်လိုက်နာကျင့်ကြံကြစေရေးအတွက် တော်သလင်းလကို "ဂရုဓမ္မအခါတော်လ"တော်သလင်းလပြည့်နေ့ကို "ဂရုဓမ္မအခါတော်နေ့" သတ်မှတ်ဖော်ကျူး ပူဇော်နေကြခြင်းဖြစ်သည်။

အဆိုပါ နိပါတ်တော်လာဖြစ်ရပ်ကို ဓမ္မပါလစာပေမှူး ဆရာကြီး ပထမကျော် ဦးခင်မောင်ကြီးက သူ၏ ဓမ္မလက်ကမ်းစာလွှာ ၆၉ ၌ "ဟိုး... ရှေးကာလ၊ မြတ်ဗုဒ္ဓ၊ ထုတ်ဟဉ်ဇာတ်တော်။ ရှုပ်ကြ ပွေကြ၊ ကာလိင်္ဂတ်ပြတ်ကြသော်။ ကုရုတိုင်းက သာယာလှ၊ မေးကြကျင့်ဝတ်တော်။ ပဉ္စသီဖူး၊ အကျင့်ထူး၊ ကြည်နူးကြရသော်။ မြတ်သောအပြု၊ အလေးတု၊ ဂရုဓမ္မခေါ်။ သာယာဝပြော၊ ကျင့်သူပေါ်၊ သဘောပြည့်ဝလျော်"ဟု ဖွဲ့သီပူဇော်ခဲ့သည်။

"ဂရုဓမ္မသီလ"သည် သူတော်ကောင်းတို့က ဂရုထား၍ကျင့်သုံးအပ်သော တရားဖြစ်သည်။ ကမ္ဘာဦးအစက စတင်ပေါ်ပေါက်သော တရားဖြစ်၍ "ပဝေဏီဓမ္မ"ဟုလည်း ခေါ်ဆိုနိုင်၏ဟု မှတ်တမ်းပြုထားကြသည်။

တိကနိပါတ်၊ ဂရုဓမ္မဇာတ်တွင် အမြင့်ဆုံးရှင်ဘုရင်မှ အနိမ့်ဆုံးပြည့်တန်ဆာမထိ ငါးပါးသီလကို စောင့်ထိန်းကြသောကြောင့် ကပ်ကြီးသုံးပါးမှ လွတ်ကင်းခဲ့သည်။ ဣတိဝုတ်အဋ္ဌကထာနှင့် ခုဒ္ဒကပါဌ်အဋ္ဌကထာတို့တွင် မှတ်သားဖွယ်ရာများကို အကျယ်တဝင့် ဖော်ပြထားသည်။ မဟာသုဒဿနမင်းကြီးသည် လေးကျွန်းစကြဝဠာ လှည့်လည်၍ ငါးပါးသီလတရားကို ဓမ္မသတ်သဖွယ် ဟောဆိုညွှန်ပြဆုံးမလေ့ရှိခဲ့သည်။ ဒသကနိပါတ် ဓမ္မပါလဇာတ်တွင် ငါးပါးသီလမြဲ၍ ဓမ္မပါလတစ်မျိုးလုံး အသက်အရွယ်ငယ်ငယ်ဖြင့် သေရိုးထုံးစံမရှိကြဘဲ သက်တမ်းစေ့နေခဲ့ကြရသည်ဟု အဆိုရှိသည်။

ဧကနိပါတ်ကုလာဝကဇာတ်တွင် အိုးလုပ်သမလေး သုဇိတာသည် ငါးပါးသီလမြဲ၍ ရွှေအတိပြီးသော သစ်သီးများရခဲ့သည်။ အသူရာမင်းကြီး၏ သမီးပျိုဘဝ၌ သူမတူအောင်ချောမောလှပခဲ့သည်။ မြောက်ကျွန်းသူ မြောက်ကျွန်းသာတို့သည် ငါးပါးသီလမြဲ၍ စားဝတ်နေရေးမပူပင်ရခြင်း၊ သေသူအတွက် သောကမရောက်ရခြင်း၊ သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်း၊ အနှစ်တစ်ထောင်သက်တမ်းစေ့နေရခြင်း၊ စသောအကျိုးများကို ခံစားကြရပါသည်။

**"သူ့အသက်လည်း မသတ်ဘဲ အမြဲ**
**ရှောင်ကြဉ်ပါ"**
**"သူ့ဥစ္စာလည်း မခိုးဘဲ အမြဲရှောင်ကြဉ်ပါ"**
**"ကာမဂုဏ်လည်း မမှားဘဲ အမြဲရှောင်ကြဉ်ပါ"**
**"လိမ်ညာ၍လည်း မပြောဘဲ**
**အမြဲရှောင်ကြဉ်ပါ"**
**"သေအရက်လည်း မသောက်ဘဲ**
**အမြဲရှောင်ကြဉ်ပါ"**

ဟူ၍ "သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား၊ ငါးပါးသီလ"ကို လူငယ်များ မှတ်ရလွယ်ကူစေရန် "ဆရာတော်မာဂဓီသာစည်"က ရေးဖွဲ့ထားသည်။

ငါးပါးသီလနှင့်ပတ်သက်၍ (၁) ပဉ္စသီလငါးပါး (၂) ရှေးဟောင်းကမ္ဘာဦးကတည်းက စတင်ပေါ်ပေါက်ခဲ့သော လူသားစည်းကမ်းကြီး (ပဝေဏီဓမ္မ) (၃)စကြဝတေးမင်းများ ဓမ္မသတ်သဖွယ် ကျင့်သုံးခဲ့ပြီး လေးကျွန်းဒီပါလုံးအား အုပ်ချုပ်ခဲ့ခြင်း (စက္ကဝတ္တိဓမ္မသတ်) (၄) ကုရုတိုင်းနေ

**စာမျက်နှာ ၅ သို့ ➤**

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၁၀၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၃၁၀၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ၌ ကြက်သွန်နီ ၃၁၀၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ကြက်သွန်နီဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်နီစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်။ ကြက်သွန်နီတွေ ဈေးကွက်ဝင်သီးနှံဖြစ်ဖို့လဲ ချိတ်ဆက်ဆောင်ပေးတာတွေရှိပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ပြည်သူတို့ကျင့်သုံးခဲ့ရာဖြစ်ခြင်း (ကုရုဓမ္မသီ)၊ (၅) မြတ်စွာဘုရားကိုယ်တိုင်လည်း ဟောကြားလမ်းညွှန်ခြင်း (ဝါရိတ္တသီလ)၊ (၆) သူတော်ကောင်းတို့အလေးဂရုထား၍ ကျင့်သုံးခြင်း (ဂရုဓမ္မသီလ)၊ (၇) လူသားတို့ အမြဲအစွဲနိစ္စစောင့်ထိန်းအပ်ခြင်း(နိစ္စသီလ)၊ (၈) လူသားတိုင်းလိုက်နာအပ်ရာခြင်း(ဓမ္မတာသီလ)၊ (၉) လူသားနှင့် တိရစ္ဆာန်လောကနှစ်ခုကို ခွဲခြားထိန်းသိမ်းပေးခြင်း (လောကပါလတရား)၊ (၁၀) ကျင့်သုံးအပ်ခြင်း၊ သင့်ခြင်း၊ ထိုက်ခြင်း(သိက္ခာပဒသီလ)၊ (၁၁) လူတို့၏ ကိုယ်ကျင့်တရားဖြစ်ခြင်း (ဂဟဌသီလ)၊ (၁၂) အရိယာပုဂ္ဂိုလ်တို့နှစ်သက်မြတ်နိုးခြင်း(အရိယာကန္တသီလ)ဟူ၍ ဝိသေသအထူးထူးအထွေထွေများနှင့် ညွှန်းဆိုပူဇော်လိုက်နာကျင့်သုံးခဲ့ကြသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓက "ပုလဲ၊ ဥဿဖယား၊ ပတ္တမြား၊ ရွှေ၊ ငွေ၊ အထွေထွေသောအဆင်တန်ဆာ တို့သည်၊ ပျိုမျစ်နုငယ်၊ ငယ်ရွယ်စဉ်အခါ၌သာလျှင်၊ တင့်တယ်ခြင်းကို ဖြစ်စေနိုင်၏။ ပဉ္စသီလ အဆင်တန်ဆာသည်ကား အငယ်အလတ်အရွယ်တွင်လည်း ရှုမငြီး၊ အရွယ်ကြီးသူနှင့်လည်းလိုက်ဖက် တစ်သက်လုံးပန်ဆင်၍ တင့်တယ်ပြီး ရှုမငြီးကာလိုက်ဖက်၍မဆုံးဘဲ ရှိပါပေ၏။

"စန္ဒကူး၊ တောင်ဇလပ်၊ ကြာညိုနှင့် မြတ်လေးဟူသော ပန်းမြတ်တို့၏ ရနံ့သည် မွှေးကြိုင်ကြပါကုန်၏။ ထိုသည့်ပန်းရနံ့အားလုံးတို့ထက် ဤပဉ္စသီအစ၊ သီလဟူသည်၏ သင်းရနံ့သည်ကား၊ အတုမရှိမွှေးကြိုင်၍ မဆုံး မွှန်မြတ်လှပါပေ၏။

"သတ္တဝါတို့၏ ကိလေသာအညစ်အကြေးကို စင်ကြယ်အောင် ဂင်္ဂါ၊ ယမုံနာစသော မြစ်ကြီးငါးစင်းမှရေတို့က ဆေးမပေးနိုင်။ ဤသီလရေစင်ကသာ ဆေးကြောပေးနိုင်စွမ်း၏။ ထိုကိလေသာမီးအပူကို အေးငြိမ်းသွားအောင် မိုးသက်လေညင်း၊ စန္ဒကူး၊ ရွှေ၊ ပုလဲသွယ်၊ မြ၊ ပတ္တမြားနှင့် စန္ဒာလရောင်တို့ မတတ်စွမ်းနိုင်။ ဤသီလအအေးဓာတ်ကသာ၊ တတ်စွမ်းနိုင်လေ၏။ ဤသီလနှင့်တူသော အမွှေးနံ့သာမည်သည်မရှိ။ လေအောက်လေထက် နှစ်ဌာနလုံး၌အတူပင် မွှေးကြိုင်ပါစေသတည်း"ဟု အကြိမ်ကြိမ် ဟောကြားတော်မူခဲ့သည်။

သီလ၏ကျေးဇူးအဖုံဖုံကို ဖော်ပြရလျှင် ကုန်ဆုံးတော့မည်မထင်ပါ။ အနိမ့်ဆုံးအဆင့် သီလတစ်ပါး၏ ဂုဏ်ကျေးဇူးကို ဆရာကြီး ဦးသုခက "တစ်ပါးသီလ"ဟူ၍ပင် ရေးသားရိုက်ကူး ထုတ်လွှင့်တင်ပြသွားခဲ့သည်။ ယခုကပ်ဘေးကြုံတွေ့နေကြချိန်တွင် "သတ်၊ ခိုး၊ ကာမေ၊ မုသား၊ သေ၊ ငါးထွေအမျိုးအစား၊ ငါးပါးသီလ"ကို စောင့်ထိန်းလိုက်နာကြခြင်းဖြင့် မြတ်ဗုဒ္ဓ၏ဒေသနာတော် "ဂရုဓမ္မအခါတော်လ"နှင့် "ဂရုဓမ္မအခါတော် နေ့"ကို ကြည်ညိုပူဇော်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား**

- **ဆရာလှသမိန်တည်းဖြတ်၊ ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်။**
- **ဦးအောင်ကြီး၏အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတား။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့် စပ်လျဉ်း၍။**
- **ဝိသုဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဖွဲ့။**

## မျိုးဂုဏ်ကိုမြှင့် တင့်စေဖို့

- တို့ရိုးရာ ယဉ်ကျေးမှု
အစုစုကိုယ်ပိုင်မွေ၊
ဘိုးဘေးစဉ် အဆက်ဆက်
ထိန်းလျက် မသွေ၊
ဆို က ရေး တီး မူထွေထွေ
ကမ်းခဲ့ပေ မျိုးဆက်ပြောင်း၊
ဌာန်အတွင်းမှာလ
ဖန်ဆင်းကာ တီထွင်လို့
တို့ရင်မှာ စဉ်မပစ်
ချစ်ခဲ့ပါကြောင်း။

- တိုင်းတစ်ပါး ယဉ်ကျေးမှု
တစ်ခုမက ဝင်လာနေ၊
မြန်မာတွေ ဂရုမထားဘဲ
လိုက်စားရင်လေ၊
ကိုယ်ပိုင်မှု ဘေးဖယ်သွေ
ကြာလေလေ မှိန်မေး၊
အမျိုးချစ်ရင်ဖြင့်
မျိုးစစ်မွေ ပညာများကို
စဉ်လာပွား နောင်အရှည်တင့်အောင်
ပြုကျင့်ကူဖေး။

- အသစ်တွေ ပြောင်းပစေ
ခေတ်ဟောင်းရွှေ ဘယ်မမေ့
ဆက်ထိန်း၍ တာဝန်ကျေ၊
ကာလပေါ် ခေတ်ဟောင်းတေး
ဆိုတီးရေးနေ၊
ကဟန်လည်း ဆန်းသစ်ပေ
မူဟောင်းတွေ ခြေခံလို့၊
နဂိုအလှ ငေးမငြီးအောင်ကွဲ့
ဆိုကရေးတီး ပြိုင်ပွဲစုံ
တိုင်းနယ်ကုန် ကျင်းပကာ
အဆင်းလှစွာ မျိုးဂုဏ်မြှင့်
တင့်တယ်စေဖို့။ ။

ညွန့်ဝင်း(နတ်တလင်း)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# မီယာမီ ဂျီ-၂၀ ထိပ်သီးညီလာခံ တက်ရောက်ရန် ရုရှားသမ္မတပူတင်ကို အမေရိကန်အစိုးရ ဖိတ်ကြား

**နယူးယောက် စက်တင်ဘာ ၂၄**

ယခုနှစ် ဒီဇင်ဘာလအတွင်း ဖလော်ရီဒါပြည်နယ် မီယာမီမြို့၌ ကျင်းပမည့် ဂျီ-၂၀ ထိပ်သီး ညီလာခံတက်ရောက်ရန် ရုရှားသမ္မတပူတင်ကို အမေရိကန် အစိုးရက ဖိတ်ကြားထားကြောင်း စက်တင်ဘာ ၂၃ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မီယာမီ ဂျီ-၂၀ ထိပ်သီး ညီလာခံတက်ရောက်ရန် ရုရှားသမ္မတပူတင်ကို ဖိတ်ကြားထားမှုကို အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မာကိုရူဘီယိုက စက်တင်ဘာ ၂၃ ရက်တွင် အတည်ပြုကြေညာထားခြင်းဖြစ်သည်။

မီယာမီ ဂျီ-၂၀ ထိပ်သီးညီလာခံကာလအတွင်း ရုရှားသမ္မတပူတင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ထိပ်သီး ဆွေးနွေးပွဲ ကျင်းပနိုင်ခြေရှိကြောင်း နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယို၏ အဆိုအရ သိရသည်။

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး မာကိုရူဘီယိုသည် နယူးယောက်မြို့၌ ကျင်းပနေသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ ကာလအတွင်း ရုရှားနိုင်ငံခြားရေး ဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယူကရိန်း စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် သံတမန်ရေး အရ ကြိုးပမ်းမှုများရပ်တန့်နေသော်လည်း ရုရှားနိုင်ငံနှင့် ထိတွေ့ ဆက်ဆံရေးအတွက် အမေရိကန် နိုင်ငံက ဆက်လက်လမ်းဖွင့်ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားထား ကြောင်းသိရသည်။

Ref : RT
Trs : KKO

# တရုတ်သမ္မတ ရှီကျင့်ဖျင် အမေရိကန်နိုင်ငံသို့ ရောက်ရှိ



**ဝါရှင်တန် စက်တင်ဘာ ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် သုံးရက်ကြာ နိုင်ငံတော်အဆင့် တရားဝင်ခရီးစဉ်အဖြစ် စက်တင်ဘာ ၂၃ ရက်တွင် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မေရီလန်းပြည်နယ် အင်ဒရူး ပူးတွဲလေတပ်စခန်းသို့ ရောက်ရှိလာသော တရုတ်သမ္မတ ရှီကျင့်ဖျင်ကို အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်နှင့်ဇနီးတို့က လေဆိပ်၌ ကိုယ်တိုင်ဆီးကြို နှုတ်ဆက်ခဲ့ကြသည်။

သမ္မတရှီကျင့်ဖျင်၏ အဆိုပါ ခရီးစဉ်သည် ကုန်သွယ်ရေး၊ နည်းပညာ၊ တရုတ်(ထိုင်ဝမ်)၊ အီရန်စစ်ရေးပဋိပက္ခတို့နှင့် ပတ်သက်၍ တင်းမာမှုများရှိနေသော တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးကို ဆန်းစစ်ပေးမည့် ခရီးစဉ်ဖြစ်လာနိုင်သည်။

အဆိုပါခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် သုံးနှစ်နီးပါးကြာ ကာလအတွင်း ပထမဆုံး အမေရိကန်နိုင်ငံခရီးစဉ် ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ မြင်သာသည့် ရလဒ်မျိုး ပေါ်ထွက်လာနိုင်ဖွယ် မရှိသော်လည်း ၁၁ လကြာ နှစ်နိုင်ငံကုန်သွယ်ရေး ပဋိပက္ခ ရပ်ထားရေး သဘောတူညီချက်ကို သက်တမ်းထပ်တိုး နိုင်ဖွယ်ရှိသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ၁၁ နှစ်တာကာလအတွင်း အမေရိကန်သမ္မတတစ်ဦးက အင်ဒရူး ပူးတွဲလေတပ်စခန်း၌ ဆီးကြိုနှုတ်ဆက်ခဲ့သော ပထမဆုံးပြည်ပ ခေါင်းဆောင် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# လွှတ်တော်ရွေးကောက်ပွဲများ၌ လက်ရှိအာဏာရ သွေးစည်းညီညွတ်သော ရုရှားပါတီက အမတ်နေရာအများစုကို ဆက်လက်ရယူထားနိုင်

**မော်စကို စက်တင်ဘာ ၂၄**

ရုရှားလွှတ်တော် ရွေးကောက်ပွဲ ပဏာမရလဒ်များအရ သမ္မတ ပူတင်ကိုလိုလားသည့် လက်ရှိ အာဏာရ သွေးစည်းညီညွတ်သော ရုရှားပါတီက အမတ်နေရာ အများစုကို ဆက်လက်ရယူထား နိုင်ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကုန် ပိုင်းက ကျင်းပခဲ့သော လွှတ်တော် ရွေးကောက်ပွဲများ၌ ပါဝင်ဆန္ဒမဲ ပေးသူ ရာခိုင်နှုန်းမြင့်မားမှုသည် ယူကရိန်း စစ်ရေးပဋိပက္ခအပေါ် ပြည်သူများ၏ ထောက်ခံမှုကိုပြသ နေကြောင်း ရုရှားသမ္မတ ပူတင်က စက်တင်ဘာ၂၃ရက်တွင် ထုတ်ဖော် ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပခဲ့သော ရုရှား လွှတ်တော် ရွေးကောက်ပွဲများကို ယူကရိန်း စစ်ရေးပဋိပက္ခနှင့် ပတ်သက်၍ ပြည်သူများ၏ ထောက်ခံမှုကို ဆန်းစစ်ပေးသည့် ရွေးကောက်ပွဲများအဖြစ် သမ္မတ ပူတင်က မှတ်ယူထားသည်။

အဆိုပါ ရုရှားလွှတ်တော် ရွေးကောက်ပွဲများတွင် ပါဝင်ဆန္ဒ မဲပေးခဲ့သူ ရာခိုင်နှုန်းမှာ ၅၉ ဒသမ ၃ ရာခိုင်နှုန်းထိ ရှိခဲ့ကြောင်း ရုရှား ဗဟိုရွေးကောက်ပွဲ ကော်မရှင်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါလွှတ်တော်ရွေးကောက် ပွဲများ၌ ပါဝင်မဲပေးသူရာခိုင်နှုန်းကို ထောက်ရှုပါက ရုရှားပြည်သူများ အနေဖြင့် အမျိုးသားလုံခြုံရေးကို ကာကွယ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းမှုများအပေါ် ထောက်ခံ နေကြသည်ကို တွေ့ရကြောင်း ရုရှားသမ္မတပူတင်က မီဒီယာ များသို့ ထုတ်ဖော်ပြောကြား ထားသည်။

လွှတ်တော် ရွေးကောက်ပွဲများ တွင် သွေးစည်းညီညွတ်သည့် ရုရှားပါတီသည် ဒူးမားလွှတ်တော် အမတ်နေရာ ၄၅၀ အနက် ၈၀ ရာခိုင်နှုန်းနီးပါး သို့မဟုတ် အမတ်နေရာ ၃၅၅ နေရာထိ ရယူထားနိုင် ဖွယ်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဆယ်ကျော်သက်မိန်းကလေးငယ်တစ်ဦး အုပ်စုဖွဲ့ အဓမ္မပြုကျင့်ခံရမှုကြောင့် ဒေလီမြို့၌ ဆန္ဒပြပွဲများဖြစ်ပွား

**ဒေလီ စက်တင်ဘာ ၂၄**

ဆယ်ကျော်သက် မိန်းကလေး ငယ်တစ်ဦး အုပ်စုဖွဲ့အဓမ္မပြုကျင့် ခံရမှု သတင်းပေါ်ထွက်လာခဲ့ပြီး နောက် အိန္ဒိယနိုင်ငံ ဒေလီမြို့၌ စက်တင်ဘာ ၂၃ ရက်တွင် ကျောင်းသား ရာပေါင်းများစွာတို့ က ဆန္ဒပြခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြ ထားသည်။

အသက် ၁၇ နှစ်ရှိ အဆိုပါ အမျိုးသမီးငယ် အုပ်စုဖွဲ့အဓမ္မပြု ကျင့်ခံရမှုသည် စက်တင်ဘာ ၂၂ ရက်တွင် ဒေလီမြို့ ပန်းခြံ တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များအဖြစ် ဟန် ဆောင်ထားသော အမျိုးသားသုံး ဦးတို့က ၎င်းကို အုပ်စုဖွဲ့အဓမ္မပြု ကျင့်ခဲ့ကြကြောင်း အဆိုပါ မိန်းကလေးက ရဲတပ်ဖွဲ့သို့ တိုင် ချက်ဖွင့်ထားသည်။

လက်ရှိတွင် အုပ်စုဖွဲ့အဓမ္မပြု ကျင့်မှု ကျူးလွန်သူအဖြစ် ယူဆရ သူတစ်ဦးကို ဒေလီမြို့ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီး၍ စုံစမ်းစစ်ဆေး မှုများ ပြုလုပ်နေကြောင်း သိရသည်။

သို့ရာတွင် အဆိုပါအဓမ္မပြုကျင့် မှုနှင့်ပတ်သက်၍ မကျေနပ်ဖြစ် နေကြသော ကျောင်းသား၊ ကျောင်းသူများက စက်တင်ဘာ ၂၃ ရက်ညနေပိုင်းတွင် ဒေလီမြို့ တွင်း၌ ဆန္ဒပြခဲ့ကြပြီး အမျိုး သမီးများ၏ ဘဝလုံခြုံရေး ကိုဦးစားပေးရန် အာဏာပိုင် များကို တောင်းဆိုခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ၂၄၀ မမ ပဲ့ထိန်းဒုံးပစ်လောင်ချာစနစ် မြောက်ကိုရီးယား စမ်းသပ်ပစ်လွှတ်

**ပြုံယမ်း စက်တင်ဘာ ၂၄**

၂၄၀ မမ ပဲ့ထိန်းဒုံးပစ်လောင်ချာ စနစ် စမ်းသပ်ပစ်ခတ်မှုကို စက်တင်ဘာ ၂၂ ရက်တွင် ပြုလုပ် ခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရ၏ ကေစီအေန်အေသတင်း ဌာနက သတင်းထုတ်ပြန်ခဲ့သည် ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စက်တင်ဘာ ၂၂ ရက် စမ်းသပ်မှု တွင် ၂၄၀ မမ ပဲ့ထိန်းဒုံးပစ်လောင် ချာစနစ်သည် တိကျမှုနှင့် အကွာ အဝေးသာလွန်မှုတို့ကို သက်သေ ပြနိုင်ခဲ့ကြောင်း ကေစီအေန်အေ သတင်းဌာန သတင်းထုတ်ပြန် ချက်တွင် ဖော်ပြထားသည်။



အလိုအလျောက် ပစ်မှတ် လမ်းညွှန်စနစ် ထည့်သွင်းထား သည့် ၂၄၀ မမဒုံးပစ်လောင်ချာစနစ် ဒုံးကျည်များသည် ကီလိုမီတာ ၁၀၀ (၆၂)မိုင် အကွာအဝေးရှိ ပစ်မှတ်များကို တိကျစွာထိမှန် ခဲ့ကြောင်းကေစီအေန်အေသတင်း ဌာန၏အဆိုအရသိရသည်။

၂၄၀မမပဲ့ထိန်းဒုံးပစ်လောင်ချာ စနစ်စမ်းသပ်ပစ်လွှတ်မှုကို မြောက် ကိုရီးယား ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပတ်ခ်ဂျုံချွန်းက ကြီးကြပ်ခဲ့ကြောင်းသိရသည်။

မြောက်ကိုရီးယား နိုင်ငံ၏ စက်တင်ဘာ ၂၂ ရက်တွင် ပစ်လွှတ်သော ၂၄၀ မမ ပဲ့ထိန်း ဒုံးပစ်လောင်ချာစနစ် စမ်းသပ်မှု နှင့်ပတ်သက်၍ တောင်ကို ရီးယားတပ်မတော်က တစ်စုံ တစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လကလည်း မြောက်ကိုရီးယားနိုင်ငံသည် အဓိက ဒုံးကျည်လက်နက်စနစ်များကို စမ်းသပ်ခဲ့ရာ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန် ကိုယ်တိုင် ကြီးကြပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# မိခင်ကြယ်ကို ပြောင်းပြန်လှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား



**ဘန်း စက်တင်ဘာ ၂၄**

မိခင်ကြယ်ကို ပြောင်းပြန်လှည့်ပတ်နေသည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားသည်ဟု စက်တင်ဘာ ၂၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

GJ 3090 b ဟူ၍ အမည်ပေးထားသော အထက်ပါဂြိုဟ်သည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၇၃ နှစ်အကွာတွင် တည်ရှိကြောင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါဂြိုဟ်သည် GJ 3090 အမည်ရှိ အနီရောင်ရှိ ကြယ်တစ်စင်းကို ကြယ်၏ဝင်ရိုးဗဟိုပြုမွှတ်မွှတ်လည်မှု လားရာနှင့် ဆန့်ကျင်ဘက် လားရာအတိုင်း လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

GJ 3090 b ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်အချင်းဝက်ထက် ၂ ဒသမ ၂ ဆ ပိုကြီးမားပြီး ဒြပ်ထုအားဖြင့် ၄ ဒသမ ၅ ဆ ပိုကြီးမားကြောင်း သိရသည်။

GJ 3090 b ဂြိုဟ်ကို ဆွစ်ဇာလန် သိပ္ပံပညာရှင်များက လာဆီလ်လာရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

သက်နုကြယ်များ၏ ပတ်ပတ်လည်တွင် ပေါ်ထွက်လာတတ်သည့် GJ 3090 b ကဲ့သို့ ဂြိုဟ်များသည် မိခင်ကြယ်၏ ဝင်ရိုးဗဟိုပြုမွှတ်မွှတ်လည်ပတ်မှု လားရာအတိုင်း လှည့်ပတ်လေ့ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ခါးနာရောဂါလူနာများ၏ နာကျင်ကိုက်ခဲမှုကို ဗီလာတိုနင်ဟော်မုန်းဆေးများက လျှော့ချပေးနိုင်

**နယူးယောက် စက်တင်ဘာ ၂၄**

ဗီလာတိုနင် ဟော်မုန်းဆေးများသည် ခါးနာရောဂါ လူနာများနှင့် အရိုးအဆစ် ရောင်ရမ်းနာရောဂါလူနာများ၏ နာကျင်ကိုက်ခဲမှုဝေဒနာကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ခါးနာရောဂါနှင့် အရိုးအဆစ်ရောင်ရမ်းနာ ရောဂါလူနာ ၂၀၂၈ ဦးတို့ ပါဝင်သည့် လက်တွေ့စမ်းသပ်လေ့လာမှုပေါင်း ၂၃ ခုတို့မှ အချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဗီလာတိုနင် ဟော်မုန်းဖြည့်စွက်ဆေးများသည် အိပ်စက်မှု အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့်အပြင် ခါးနာရောဂါနှင့် အရိုးအဆစ်ရောင်ရမ်းမှုရောဂါ နာကျင်ကိုက်ခဲမှုများကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဗီလာတိုနင်ဟော်မုန်းဖြည့်စွက်ဆေးများ၏ အထက်ပါအကျိုးသက်ရောက်မှုများသည် နာကျင်ကိုက်ခဲမှုနှင့် အိပ်စက်မှုတို့ကြားဆက်စပ်မှုရှိကြောင်း ကိုပြသနေသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ခါးနာရောဂါလူနာများနှင့် အရိုးအဆစ် ရောင်ရမ်းမှုရောဂါလူနာအများအပြားတို့တွင် နာကျင်ကိုက်ခဲမှု ပြဿနာမှာ အိပ်စက်မှုအရည်အသွေးနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။


Ref : Russia Today
Trs : KKO

# စပေ့စ်အိတ်ကုမ္ပဏီက ၁၄ ကြိမ်မြောက် Starship မစ်ရှင်အတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship မစ်ရှင်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၁၄ ကြိမ်မြောက် Starship မစ်ရှင်အတွက် စူပါဟဲဗီးပင်မဒုံးယာဉ်ကို တောင်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း ဒုံးပစ်စင်သို့ ပို့ဆောင်ပေးထားကြောင်း သိရသည်။



စတားဘေ့စ် အာကာသစခန်း ဒုံးပစ်စင်တွင် စပေ့စ်အိတ်ကုမ္ပဏီကျွမ်းကျင်သူများက စူပါဟဲဗီး ပင်မဒုံးယာဉ်နှင့် Starship ထိပ်ဖူးအဆင့် ဒုံးယာဉ်တို့ကို ပေါင်းစပ်တပ်ဆင်ပေးမည်ဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Star-ship ဒုံးပျံယာဉ် ၁၄ ကြိမ်မြောက် မစ်ရှင်ကို စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

စက်တင်ဘာ ၂၈ ရက် မစ်ရှင်တွင် စူပါဟဲဗီးဒုံးပျံယာဉ်သည် လွှတ်တင်ပြီး ခုနစ်မိနစ်ခန့်အကြာတွင်မက္ကဆီကိုပင်လယ်ကွေ့ဒေသသို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပါမစ်ရှင်အတွင်း Star-ship ဒုံးပျံယာဉ်သည် စတားလင့်ခ်ဗွီ- ၃ ဂြိုဟ်တုသစ် ၂၆ စင်းကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# ပုံစံ-၂ ဆီးချိုရောဂါကြောင့် ကင်ဆာရောဂါ အများအပြား ဖြစ်နိုင်ခြေမြင့်တက်လာနိုင်

**ကိုပင်ဟေဂင် စက်တင်ဘာ ၂၄**

ပုံစံ-၂ ဆီးချိုရောဂါကြောင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာနှင့် အဆုတ်ကင်ဆာရောဂါတို့ အပါအဝင် ကင်ဆာရောဂါအများအပြား ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဒိန်းမတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါရှိနေသော အမျိုးသမီးများသည် ဆီးချိုရောဂါမရှိသူများနှင့် နှိုင်းယှဉ်ပါက အထက်ပါ ကင်ဆာရောဂါများဖြစ်နိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

အလားတူ ပုံစံ-၂ ဆီးချိုရောဂါလူနာ အမျိုးသားများမှာလည်း အထက်ပါ ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၂ ရာခိုင်နှုန်း မြင့်မားကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

ပုံစံ-၂ ဆီးချိုရောဂါကြောင့် ဖြစ်ပွားနိုင်ခြေ အမြင့်မားဆုံး ကင်ဆာရောဂါများမှာ ကျောက်ကပ်ရောဂါ၊ ပန်ကရိယကင်ဆာရောဂါနှင့် အသည်းကင်ဆာရောဂါတို့ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါရှိသူ အမျိုးသားများတွင် ကျောက်ကပ်ကင်ဆာ၊ ပန်ကရိယကင်ဆာနှင့် အသည်းကင်ဆာဖြစ်နိုင်ခြေများ ပုံမှန်ထက် ၄၅ ရာခိုင်နှုန်း မြင့်မားပြီး အမျိုးသမီးများတွင်မူ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ဟု ဒိန်းမတ်သုတေသနပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# ကမ္ဘာဂြိုဟ်၏ဒြပ်ထုဗဟိုချက်က ဥတုရာသီများနှင့်အညီ အဆက်မပြတ်ရွေ့လျားနေ

**ဝါရှင်တန် စက်တင်ဘာ ၂၄**

ကမ္ဘာဂြိုဟ်၏ ဒြပ်ထုဗဟိုချက်သည် ဥတုရာသီများနှင့်အညီ အဆက်မပြတ်ရွေ့လျားနေကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာဂြိုဟ်၏ ဒြပ်ထုဗဟိုချက်သည် ရေထု၊ ရေခဲပြင်ထုနှင့် လေထုလွှာ ဖိအားတို့ကြောင့် အဆက်မပြတ် ဘောင်ဘင်ခတ်နေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆောင်းရာသီ အအေးဓာတ်၊ သမုဒ္ဒရာများ၏ လှုပ်ရှားမှုနှင့် လေထုလွှာဖိအားအပြောင်းအလဲများသည် ကမ္ဘာဂြိုဟ်၏ ဒြပ်ထုဗဟိုချက်အပေါ် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါနောက်ခံအကြောင်းတရားများ၏ ကမ္ဘာဂြိုဟ်၏ ဒြပ်ထုဗဟိုချက်သည် ၎င်း၏ဘူမိဗဟိုချက်မှ မီလီမီတာအနည်းငယ်မျှ လှုပ်ရှားဘောင်ဘင်ခတ်နေသည်ဟု နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကမ္ဘာဂြိုဟ် ဒြပ်ထုဗဟိုချက် အထက်ပါလှုပ်ရှားမှုမှာ မဆိုစလောက်မျှသာ ရှိသော်လည်း ဂြိုဟ်တုဆက်သွယ်ရေးစနစ် တည်နေရာနှင့် လမ်းကြောင်းပြစနစ်များအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ကမ္ဘာ့ဒြပ်ဆွဲအား၏ စေ့ဆော်အားကြောင့် ဂြိုဟ်တုများသည် သဘာဝအားဖြင့် ကမ္ဘာဂြိုဟ်၏ ဒြပ်ထုဗဟိုချက်ကို လှည့်ပတ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## အသက် ၁၆ နှစ်အောက် မက်ဆီဖလားပြိုင်ပွဲကို အင်တာမီယာမီအသင်း အိမ်ကွင်းတွင် ကျင်းပမည်

**မီယာမီ စက်တင်ဘာ ၂၄**

မေဂျာလိဂ် ပြိုင်ပွဲဝင်ကလပ်အသင်းတစ်သင်း ဖြစ်သည့် အင်တာမီယာမီအသင်းမှ မက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် အသက် ၁၆ နှစ်အောက်မက်ဆီဖလားပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁ရက်ထိ အသင်းအိမ်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၆နှစ်အောက် မက်ဆီဖလားပြိုင်ပွဲတွင် အင်တာမီယာမီအသင်းနှင့်အတူ ဥရောပထိပ်တန်းအသင်းများဖြစ်သည့် ဘာစီလိုနာအသင်း၊မန်စီးတီးအသင်း၊ ချဲလ်ဆီးအသင်း၊ အာဆင်နယ်အသင်း၊ အေတီကိုအသင်း၊ အင်တာမီလန်အသင်း၊ ဘင်ဖီကာအသင်း၊ အေဂျက်အသင်းတို့ ပါဝင်ကစားမည်ဖြစ်သည်။

အလားတူ အခြားအသင်းများ အဖြစ် ရေးဗားပလိတ်အသင်း၊ ဘိုကာဂျူနီယာအသင်း၊ ပါမီးယက်စ်အသင်း၊ ဖလာမင်ဂိုအသင်း၊ နယူးအိုးဘွိုင်းအသင်း၊ အင်ဒီပန်ဒီယန်အသင်း၊ ကော်နီလာအသင်းစသည့် အသင်း ၁၆ သင်း ပါဝင်ကစားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အင်တာမီယာမီအသင်းက ကြီးမှူးပြီး မက်ဆီက ဦးဆောင်ကျင်းပမည်ဖြစ်ကာ ကမ္ဘာတစ်ဝန်း လူငယ်အသင်းများမှ ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံ ပိုမိုရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Ref : 365 Scores
Trs : STA

## ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲတို့တွင် မြန်မာအသင်းပါဝင် ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၄**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတို့တွင် မြန်မာလှေလှော်အသင်း ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲကို တရုတ်နိုင်ငံ ကွမ်လင်မြို့တွင် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲပြီးလျှင် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကာ မြန်မာလှေလှော် အားကစားအဖွဲ့သည် ပြိုင်ပွဲ နှစ်ရပ်လုံးတွင်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။




ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲကို ဟန်ကျိုးမြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲတို့တွင် အိမ်ရှင်တရုတ်နိုင်ငံအပါအဝင် နိုင်ငံ ၁၈ နိုင်ငံမှ အားကစားအဖွဲ့ ၂၆ ဖွဲ့ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲတစ်ခုစီတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစီခွဲခြားကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်နိုင်ငံများအနေဖြင့် ပြိုင်ပွဲတစ်ခုတွင် အမျိုးအစားတစ်ခုသာပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ်နဂါးလှေလှော်ပြိုင်ပွဲတို့ကို မြန်မာနိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား စုစုပေါင်း ၂၁ဦး ပါဝင်မည်ဖြစ်ပြီး စက်တင်ဘာ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ကြောင်းသိရသည်။

STA

## Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များ ဆက်လက်ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်း ဒေသကြီး ဖူဆယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပနေသည့် Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှစတင်ပြီး မန္တလေးမြို့မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များ အဖြစ် နံနက် ၈ နာရီက SK အသင်းနှင့် KH အသင်းတို့ ကစားခဲ့ရာ SK အသင်းက လေးဂိုး နှစ်ဂိုး၊ နံနက် ၉ နာရီ ၄၅ မိနစ်က MDY Youth အသင်းနှင့် AYA Panpu အသင်းတို့ ကစားခဲ့ရာ MDY Youth အသင်းက ခြောက်ဂိုး နှစ်ဂိုး၊ နံနက် ၁၁နာရီခွဲက Mogyo အသင်းနှင့် Mali Kyal Sin အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက ၁၁ ဂိုး တစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီ ၁၅ မိနစ်က Pyae Sone အသင်းနှင့် Black Wolves အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃နာရီက TG United အသင်းနှင့် Glory အသင်းတို့ကစားခဲ့ရာ TG United အသင်းက ၁၆ ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

Mandalar Futsal League 2026 ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များကို စက်တင်ဘာ ၂၇ရက် နံနက် ၈နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

STA

## Rafa Nadal Academy Slam တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်ကစားသမား အန်ဒီမူရေး ပါဝင်ကစားမည်

**မက်ဒရစ် စက်တင်ဘာ ၂၄**

စပိန်ထိပ်တန်း ကစားသမား ရာဖေးနာဒယ်က Rafa Nadal Academy Slam တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်ကစားသမား အန်ဒီမူရေး ပါဝင်ကစားမည်ဟု အတည်ပြုခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ရာဖေးနာဒယ်က ၎င်းတည်ထောင်ထားသည့် Rafa Nadal Academy Slam တည်ထောင်ခြင်း ၁၀ နှစ် ပြည့်အထိမ်းအမှတ် ပြိုင်ပွဲအဖြစ် Rafa Nadal Academy Slam အမည်ဖြင့် တင်းနစ်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

Rafa Nadal Academy Slam တင်းနစ်ပြိုင်ပွဲသည် ATP Tour အဆင့်ပြိုင်ပွဲမဟုတ်ဘဲ အထူးဖိတ်ခေါ် ပြိုင်ပွဲအဖြစ်ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၃၀ ရက်တွင် စပိန်နိုင်ငံ မာယော့ကာမြို့ရှိ Rafa Nadal Academy၌ ကျင်းပမည်ဖြစ်သည်။

ရာဖေးနာဒယ်သည် ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားဘဝမှ အနားယူထားပြီးဖြစ်သော်လည်း Rafa Nadal Academy Slam တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် Team Rafa အသင်းနှင့် Team Murray အသင်းဟူ၍ နှစ်သင်းခွဲခြားကျင်းပကာ ရာဖေးနာဒယ်နှင့်အန်ဒီမူရေးတို့က အသင်းခေါင်းဆောင်များအဖြစ် တာဝန်ယူကစားမည်ဖြစ်ပြီး ရာဖေးနာဒယ်က အခြားပြိုင်ပွဲဝင်ကစားသမားများကို အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : AGTP Tennis
Trs : STA

## ပေါ်တူဂီအသင်းက မိမိကို မလိုအပ်တော့ပါက လက်ရွေးစင်ကစားသမားဘဝ အနားယူရန်အသင့်ရှိဟု စီရော်နယ်ဒိုပြောကြား

**လစ္စဘွန်း စက်တင်ဘာ ၂၄**

ပေါ်တူဂီအသင်း ဝါရင့်တိုက်စစ်မှူး စီရော်နယ်ဒိုသည် အသင်းက မိမိကိုမလိုအပ်တော့ပါက ပေါ်တူဂီအသင်းကစားသမားဘဝ အနားယူရန် အသင့်ရှိနေသည်ဟု ယနေ့တွင် ပြောကြားခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

စီရော်နယ်ဒိုသည် ၂၀၀၃ ခုနှစ်မှစတင်ပြီး ပေါ်တူဂီအသင်းအတွက် စတင်ပါဝင်ကစားပေးခဲ့ကာ အသင်းနှင့်အတူ နှစ် ၂၀ ကျော်ကြာ ပါဝင်ကစားခဲ့ပြီးနောက် ယခုလအတွင်းကျင်းပမည့် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲဝင် ပေါ်တူဂီအသင်း ကစားသမားစာရင်းတွင် ပါဝင်နေသူဖြစ်သည်။



ပြီးခဲ့သည့်ရက်ပိုင်းက ပေါ်တူဂီအသင်းနည်းပြဂျီးဆပ်က ပြိုင်ပွဲအကြို အင်တာဗျူးအစီအစဉ်တွင် မိမိအနေဖြင့် စီရော်နယ်ဒိုကို အသင်း ကစားသမားစာရင်းတွင် ရွေးချယ်ထားသော်လည်း ပွဲထွက်ကစားသမားအဖြစ် အသုံးပြုရန် အာမခံချက် မပေးထားကြောင်း ပြောကြားခဲ့ပြီးနောက် ယခုအခါ စီရော်နယ်ဒိုကလည်း အသင်းကစားသမားဘဝ အနာဂတ်နှင့်ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုက "ပေါ်တူဂီအသင်းက ကျွန်တော့်ကို မလိုအပ်တော့ဘူး၊ ဆက်ပြီး အားမကိုးချင်တော့ဘူး ဆိုတဲ့နေ့ကနေစပြီး ကျွန်တော်အသင်းကနေ ထွက်ခွာသွားမှာပါ။ အသင်းလက်ရွေးစင်ကစားသမားဘဝက အနားယူဖို့အတွက် ပြဿနာမရှိပါဘူး။ အသင်းက ကျွန်တော့်ကိုလိုအပ်နေသေးတယ် အားကိုးနေသေးဆိုရင် ကျွန်တော်အသင်းအတွက် ဆက် ကစားပေးနေဦးမှာပါ။ ကျွန်တော်က အသင်းအတွက် ပြဿနာတစ်ရပ် မဖြစ်ချင်ပါဘူး။ ကျွန်တော့်ကို မလိုအပ်တော့တဲ့အချိန် ကျွန်တော်အသင်းကနေ ထွက်သွားဖို့အသင့်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : 365 Scores
Trs : STA

## FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ Division-2အဆင့်အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက တီမောလက်စ်တေအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် စက်တင်ဘာ ၂၄**

ဟောင်ကောင်တွင် ကျင်းပနေသည့် FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ Division-2အဆင့် အုပ်စုပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၆ နာရီခွဲက မြန်မာအသင်းနှင့် တီမောလက်စ်တေအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာအသင်းက ပွဲစကတည်းက ဖိအားပေးကစားခဲ့ပြီး ပွဲချိန် မိနစ် ၂၀ တွင် ဝင်းနိုင်ထွန်းက မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် တီမောလက်စ်တေအသင်းက ချေပဂိုးအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် မြန်မာအသင်း အခက်တွေ့ခဲ့သော်လည်း အကောင်းဆုံး ထိန်းချုပ်ကစားခဲ့ပြီး ပွဲချိန် ၇၅ မိနစ်တွင် သန်းပိုင်က မြန်မာအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

FIFA-ASEAN Cup 2026 ဘောလုံးပြိုင်ပွဲ Division-2အဆင့် အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းသည် စက်တင်ဘာ ၂၇ရက် မြန်မာစံတော်ချိန် ည ၄ နာရီခွဲတွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

## ပါရာတက်က UFC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် မာခါချက်ဗ်နှင့် ထိုးသတ်ရန် သဘောတူညီမှုရရှိ

**ဝါရှင်တန် စက်တင်ဘာ ၂၄**

ဘရာဇီးဖိုက်တာ ပါရာတက်က လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပမည့်ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ရုရှားဖိုက်တာ မာခါချက်ဗ်နှင့် ထိုးသတ်ရန်သဘောတူညီမှု ရရှိထားသည်ဟု ယနေ့တွင် အတည်ပြုခဲ့ကြောင်း Source Box-ing သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

လက်ရှိ UFCကမ္ဘာ့ဝယ်သာဝိတ်တန်းတွင် မာခါချက်ဗ်က လက်ရှိချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး ပါရာတက်သည် ချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသူဖြစ်သည့်အတွက် မာခါချက်ဗ်နှင့်ထိုးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ပါရာတက်သည် နောက်ဆုံးထိုးသတ်ခဲ့သည့်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် မေ ၂ ရက်က UFC Fight Night ပြိုင်ပွဲတွင် ဩစတြေးလျ ဖိုက်တာ မက်ဒယ်လီနာကို တတိယ အချီတွင် အလဲထိုးဖြင့်အနိုင်ရရှိခဲ့ပြီးနောက် UFC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်အတွက် စိန်ခေါ်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အလားတူ မာခါချက်ဗ်သည်လည်း နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ် ပြီးခဲ့သည့်ဩဂုတ် ၁၅ ရက်က UFC 330 ပြိုင်ပွဲတွင် UFC ကမ္ဘာ့ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အဖြစ် အိုင်ယာလန်ဖိုက်တာ ဂယ်ရီနှင့်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့်အနိုင်ရပြီး ချန်ပီယံခါးပတ်ကို ကာကွယ်ထားသူဖြစ်ကြောင်း သိရသည်။

**Ref : Source Boxing**

**Trs : STA**



## အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက်ဆုရရှိမှုစာရင်းတွင် တရုတ်နိုင်ငံက ထိပ်ဆုံး၌ ဆက်လက်ရပ်တည်

**တိုကျို စက်တင်ဘာ ၂၄**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ပြိုင်ပွဲများအပြီး နိုင်ငံအလိုက် ဆုရရှိမှုစာရင်းတွင် တရုတ်နိုင်ငံက ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နေကြောင်း Olympic.comသတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များအပြီး တရုတ်နိုင်ငံက ရွှေ အခု ၈၀၊ ငွေ အခု ၃၀၊ ကြေး အခု ၂၀ ဖြင့် နိုင်ငံအလိုက် ဆုရရှိမှုတွင် အဆင့်(၁)နေရာကို ပြိုင်ပွဲစတင်ချိန်မှ ယနေ့ပွဲစဉ်များအပြီးထိ ရပ်တည်နေခြင်းဖြစ်သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များအပြီး နိုင်ငံအလိုက် ဆုရရှိမှုစာရင်းတွင် မြောက်ကိုရီးယား နိုင်ငံကလည်း ဆုတံဆိပ်များ ရယူနိုင်ခဲ့ကာ အဆင့်(၁၀)နေရာ အတွင်း ဝင်ရောက်လာခဲ့သည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များအပြီး နိုင်ငံအလိုက် ဆုရရှိမှုစာရင်း၌ တရုတ်နိုင်ငံ၏နောက်တွင် အိမ်ရှင် ဂျပန်နိုင်ငံကရွှေ အခု၂၀၊ ငွေ ၃၄ ခု၊ ကြေး ၃၇ ခုဖြင့် အဆင့်(၂)၊ တောင်ကိုရီးယားနိုင်ငံက ရွှေ ၁၀ ခု၊ ငွေ ၁၂ ခု၊ ကြေး ၂၈ ခုဖြင့် အဆင့်(၃)၊ ကာဇက်စတန်နိုင်ငံက ရွှေ ရှစ်ခု၊ ငွေ ရှစ်ခု၊ ကြေး ကိုးခုဖြင့် အဆင့်(၄)၊ ဥဇဘက်ကစ္စတန်နိုင်ငံက ရွှေ ခြောက်ခု၊ ငွေ ၁၂ ခု၊ ကြေး ရှစ်ခုဖြင့် အဆင့်(၅)၊ အီရန်နိုင်ငံက ရွှေ ခြောက်ခု၊ ငွေ ၁၀ခု၊ ကြေး လေးခုဖြင့် အဆင့်(၆)၊ ထိုင်းနိုင်ငံက ရွှေ ငါးခု၊ ငွေ လေးခု၊ ကြေး ခုနစ်ခုဖြင့် အဆင့်(၇)၊ ဟောင်ကောင်က ရွှေ လေးခု၊ ငွေ ၁၀ခု၊ ကြေးကိုးခုဖြင့် အဆင့်(၈)၊ မြောက်ကိုရီးယားနိုင်ငံက ရွှေ သုံးခု၊ ငွေ သုံးခု၊ ကြေး သုံးခုဖြင့် အဆင့်(၉)၊ ဘာရိန်းနိုင်ငံက ရွှေ သုံးခု၊ ငွေ နှစ်ခုဖြင့် အဆင့်(၁၀) နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

**Ref : Olympic.com**

**Trs : STA**

## အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)တွင် ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် စက်တင်ဘာ ၂၄**

ယခုနှစ်ဘောလုံးရာသီ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းနှင့် ချဲလ်ဆီးအသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၁)ပွဲစဉ်များအဖြစ် ယနေ့နံနက်ပိုင်းက ဘာစီလိုနာအသင်း အိမ်ကွင်းတွင် ဘာစီလိုနာအသင်းနှင့် ပဲရစ်အသင်းတို့ ကစားခဲ့ရာ ဘာစီလိုနာအသင်းကငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဘာစီလိုနာအသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ကာရိုလင်း၊ ပွဲချိန် ၂၈ မိနစ် ဆာရာဂျော်ဒီ၊ ပွဲချိန် ၃၅ မိနစ်နှင့် မိနစ် ၇၀ တို့တွင် ပါဂျော်၊ ပွဲချိန် ၄၃ မိနစ်တွင် ဂရေဟာမ်ဟန်ဆန်တို့က သွင်းယူခဲ့ပြီး ပဲရစ်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ငါးမိနစ်တွင် ဗီယန်နှင့် ပွဲချိန် ၇၃ မိနစ်တွင် မက်တီအိုတို့က သွင်းယူခဲ့သည်။

အလားတူ ချဲလ်ဆီးအသင်း အိမ်ကွင်းတွင် ချဲလ်ဆီးအသင်းနှင့် ဩစတြီးယားဝင်းအသင်းတို့ကစားခဲ့ရာ ချဲလ်ဆီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ချဲလ်ဆီးအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၁၁ မိနစ်တွင် ကပ်တိန်းက သွင်းယူခဲ့သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)အဖြစ် ဘာစီလိုနာအသင်းသည် စက်တင်ဘာ ၃၀ ရက်တွင် ရိုးမားအသင်းနှင့် ကစားရမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းသည် လာမည့်အောက်တိုဘာ ၁ရက်တွင် လိုင်ယွန်အသင်းနှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်းသိရသည်။

**Ref : Fotmob**

**Trs : STA**

## မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၆)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကိုယ်စီအနိုင်ရ



**ရန်ကုန် စက်တင်ဘာ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ကိုယ်စီ အနိုင်ရခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၆)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် စစ်ကိုင်းယူနိုက်တက်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ စစ်ကိုင်းယူနိုက်တက် အသင်းက သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး စစ်ကိုင်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် လေးမိနစ်၊ မိနစ် ၃၀၊ ၄၅မိနစ်တို့တွင် ပိုင်သက်ဦးက သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရွှေဝတီယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်၊ ၆၅ မိနစ်၊ မိနစ် ၉၀ တို့တွင် ကျော်ညီညီ၊ ပွဲချိန် ၁၆ မိနစ်၊ ၇၁ မိနစ်တို့တွင် လမင်းပြည့်စုံ၊ ပွဲချိန် ၂၆ မိနစ်တွင် ဖွဲ့ခန့်အောင်၊ ပွဲချိန် ၃၂ မိနစ်တွင် ဇေထက်အောင်၊ ပွဲချိန် ၅၅မိနစ်တို့တွင် ခွန်ချစ်ထူးတို့က သွင်းယူခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၇)ပွဲစဉ်များကို စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ရွှေပဲပုပ်ကို စားဖွယ်မျိုးစုံအသုံးပြုပုံများ

**မူမူ(မလှိုင်)**










ယခင်တစ်ပတ်မှာ ပဲပုပ်မှ ပဲနို့၊ ပဲငံပြာရည်များ ထုတ်လုပ်၍အသုံးပြုကြပုံနှင့် အကျိုးပြုအာဟာရ အာနိသင်များအကြောင်း ဗဟုသုတအဖြစ် ဝေမျှခဲ့သည်။ ဆက်လက်၍ ပဲပုပ်မှ ပဲပုပ်ဆီ၊ ပဲပုပ်အမှုန့်တို့ကိုအသုံးပြုကြပြီး ရရှိလာနိုင်သော အာဟာရ အကျိုးကျေးဇူးများကို တင်ပြလိုသည်။ ယခုကမ္ဘာ့ ပဲပုပ်ဆီဈေးကွက်တွင် ဈေးနှုန်းများသည် အတက်အကျပြောင်းလဲမှုများစွာရှိသည်။ အမေရိကန်နိုင်ငံ၏ ပဲပုပ် ဆီဈေးနှုန်းမှာ ၁၀ ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅၅ ဒေါ်လာဖြစ်ပြီး ကုန်သွယ်မှုတွင် ၁၀ ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၀၁ ဒေါ်လာမှ ၇၁ ဒသမ ၆၉ ဒေါ်လာအတွင်းရှိသည်။ အမေရိကန်၏ ပဲပုပ်ဆီအနာဂတ်စာချုပ်များအတွက် ၅၂ ပတ်အတွင်း ဈေးနှုန်းကွာခြားမှုမှာ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၀၅ ဒေါ်လာမှ ၇၉ ဒသမ ၆၉ ဒေါ်လာအတွင်းရှိသည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံတွင် ပဲပုပ်ဆီ၏ ပျမ်းမျှဈေးနှုန်းမှာ ၁၀ ကီလိုဂရမ်လျှင် ရူပီး ၁၄၉၀ ဖြစ်ပြီး ၎င်းသည် အမျိုးအစားနှင့် အရည်အသွေးအပေါ် မူတည်၍ အပြောင်းအလဲရှိသည်။ ပဲပုပ်ဆီ၏ ဈေးကွက်ဈေးနှုန်းကို ကုန်သည်များ၊ အစားအစာထုတ်လုပ်သူများ၊ မူဝါဒသတ်မှတ်သူများနှင့် လက်ကားပါဝင်သူများက တင်သွင်းမှုနှင့် တောင်းဆိုမှုအခြေအနေများကိုသုံးသပ်ရန် နီးကပ်စွာစောင့်ကြည့်လေ့ရှိကြသည်။

အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးရလဒ်များနှင့် အသေးစိတ်ဈေးကွက်ခွဲခြမ်းစိတ်ဖြာမှုများအတွက် ကုန်သွယ်သူများသည် Markets Insider နှင့် Trading View ကဲ့သို့သော ပလက်ဖောင်းများကို ကိုးကား၍ ပဲသီးနှံများ၏ ဆီအတွက်အချိန်ကိုက်ဈေးနှုန်းများကို တိုက်ရိုက်ထုတ်ပေးသည်။

ကမ္ဘာလုံးဆိုင်ရာ ပဲပုပ်ဆီဈေးနှုန်းလမ်းကြောင်းများ ၂၀၂၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ဒုတိယသုံးလပတ်ပျမ်းမျှဈေးနှုန်းမှာ ပဲပုပ်ဆီ မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၆၉ ဒေါ်လာမှ ၁၇၇၉ ဒေါ်လာခန့်ရှိပြီး တင်ပို့တောင်းဆိုမှုအားကောင်းခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သော ဒီဇယ်စွမ်းအင်ပြောင်းလဲသုံးစွဲမှုနှင့် ဆွဲဆောင်ခြင်းက အထောက်အပံ့ပေးခဲ့သည်။ နည်းပညာများတိုးတက်လာသည်နှင့်အမျှ အခွန်စနစ်တင်းကျပ်မှုလျော့နည်းလာခဲ့သော်လည်း တိုးချဲ့ထုတ်လုပ်မှုဖိအားမြင့်မားခြင်းကြောင့် အစုရှယ်ရာများတိုးပွားခဲ့သည်။ တောင်အမေရိက (ဘရာဇီး)သည် ပဲပုပ်ဆီထုတ်လုပ်မှုမှာ ၂၀၂၆ ခုနှစ် ဒုတိယသုံးလပတ်ပျမ်းမျှဈေးနှုန်းသည် မက်ထရစ်တန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၂၅ ဒေါ်လာဖြင့်တင်ပို့ရန် တောင်းဆိုမှုရှိခဲ့သော်လည်း ဈေးကွက်ပြိုင်ဆိုင်မှုဖိအားကြောင့် ထုတ်လုပ်မှုကျဆင်းခဲ့သည်။ စားအုန်းဆီနှင့် နေကြာဆီရရှိနိုင်မှုသည် ကမ္ဘာလုံးဆိုင်ရာ ပဲပုပ်ဆီဝယ်ယူမှုပုံစံများကို သက်ရောက်စေခဲ့ပြီး အထူးသဖြင့် အာရှနှင့် ဥရောပဆီဈေးကွက်တွင် ဖြစ်ပေါ်နေသည်။

**အမေရိကန်၏ ပဲပုပ်ဆီနှင့် ဇီဝလောင်စာပုံစံပြောင်းလဲလာမှု**

အမေရိကန်နိုင်ငံ၏ ပဲပုပ်ဆီထုတ်လုပ်မှုနှင့် စားသုံးဆီအဖြစ်မှ ဇီဝလောင်စာအဖြစ် ပြောင်းလဲသုံးစွဲနေမှု အနေအထားကိုလည်းလေ့လာကြည့်ရန် လိုအပ်သည်။ ပဲပုပ်သီးနှံကို အစားအစာ၊ တိရစ္ဆာန်အစာ၊ စက်မှုလုပ်ငန်းသုံးနှင့် ဇီဝလောင်စာအဖြစ် စိုက်ပျိုးထုတ်လုပ်နေကြရာမှ ၂၀၀၅-၂၀၀၆ ခုနှစ်နောက်ပိုင်းတွင် ဇီဝလောင်စာအဖြစ်ပြောင်းလဲထုတ်လုပ်မှု တဖြည်းဖြည်းတိုးတက်လာသည်ကို တွေ့မြင်နိုင်ပြီး ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၂၃-၂၀၂၄ ခုနှစ် နှစ် ၂၀ ကြာကာလအတွင်း ပဲပုပ်ထုတ်လုပ်မှု ပေါင်သန်း ၅၀၀၀ ခန့်တိုးတက်လာသည်ကို တွေ့ရှိရသည်။


**ပဲပုပ်ဆီ(Soybean Oil)**

ပဲပုပ်ဆီသည် Polyunsaturated Fats, Omega-3s, Vitamin K နှင့် Vitamin E များစွာပါဝင်သဖြင့် နှလုံး၊ အရိုး၊ အသားအရေ၊ ဆံပင်ကျန်းမာရေးအတွက် အကျိုးရှိသည်ဟုဆိုသည်။

နှလုံးကျန်းမာရေးအတွက် ပဲပုပ်ဆီတွင် Omega-3 နှင့် Omega-6 အဆီများအပါအဝင် Polyunsaturated Fatty Acids များစွာပါဝင်ပြီး ၎င်းတို့သည် နှလုံးသွေးကြောကျန်းမာရေးတိုးတက်မှုနှင့် ဆက်စပ်သည်။ ပဲပုပ်ဆီမှ ပေါ်လီအန်ဆက်တူရေးအဆီများဖြင့် စတူရိတ်အဆီများကို အစားထိုးခြင်းသည် မကောင်းသောကိုလက်စထရော(LDL)ကို လျှော့နည်းစေပြီး နှလုံးရောဂါနှင့် သွေးအားနည်းရောဂါများဖြစ်ပွားမှုအန္တရာယ်ကိုလည်း လျှော့နည်းစေသည်။ ၎င်း၏ Omega-3 ပါဝင်မှုသည် ရောင်ရမ်းမှုကိုလည်း လျှော့နည်းစေပြီး နှလုံး၏လုပ်ဆောင်ချက်ကို ထောက်ပံ့ပေးသည်။

အရိုးကျန်းမာရေးအတွက် ပဲပုပ်ဆီတွင် ဗီတာမင် K ပါဝင်ပြီး အရိုးသတ္တုဓာတ်ဖြည့်စွက်ခြင်းနှင့် အရိုးထုထပ်မှုကိုထိန်းသိမ်းရန် အရေးကြီးသည်။ ဗီတာမင် K လုံလောက်စွာစားသုံးခြင်းသည် အရိုးကျိုးမှုဖြစ်ပွားမှုအန္တရာယ်နည်းစေပြီး အရိုးခိုင်မာမှုအတွက် အရေးကြီးသော Osteocalcin ကဲ့သို့သော ပရိုတင်းများ ထုတ်လုပ်မှုကို ထောက်ပံ့ပေးသည်။ ပဲဆီထဲရှိ Isoflavonoids များသည် Estrogen အဆင့်ကို ပြန်လည်ဖြည့်တင်းပေးနိုင်ပြီး အရွယ်ရောက်ပြီးအမျိုးသမီးများအတွက် အကျိုးရှိစေသည်။

အသားအရေနှင့် ဆံပင်ကို အကျိုးကျေးဇူးများ ရရှိစေသည်။ ပဲပုပ်ဆီကို အသားအရေထိန်းသိမ်းရေးတွင် စိုပြေစေသောဓာတ်နှင့် အောက်ဆီဒေးရှင်း




တားဆေး(ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ) အင်္ဂါရပ်များပါဝင်မှုကြောင့် အသုံးပြုကြသည်။ ဆီထဲရှိ ဗီတာမင် E သည် အသားအရေကို အောက်စီဒေးရှင်းဖိအားမှကာကွယ်ပေးပြီး အမာရွတ်များကို ဖြေဖျောက်မှုတိုးတက်စေကာ အရေပြားပြန်လည်သက်သာမှုကို ထောက်ပံ့ပေးသည်။ ဆံပင်အတွက် ၎င်း၏ အဆီအမျိုးအစားများသည် ဆံပင်အမြစ်များကိုခိုင်မာစေပြီး ခြောက်သွေ့မှုကို လျှော့နည်းစေကာ တောက်ပမှုကိုတိုးမြှင့်ပေးပြီး ကျန်းမာသောဆံပင်အသွင်သဏ္ဌာန်ကို မြှင့်တင်ပေးသည်။

ရောင်ရမ်းမှုလျော့နည်းစေပြီး ကိုယ်ခံအားထောက်ပံ့မှုကိုရစေသည်။ ပဲပုပ်ဆီရှိ Omega-3 အဆီအမျိုးအစားများသည် အနာရောဂါကို လျှော့နည်းစေပြီး အဆစ်နာကျင်မှုနှင့် နာတာရှည်ရောဂါ၊ အနာရောဂါများကို လျှော့နည်းစေနိုင်သည်။ ၎င်း၏ အောက်ဆီဒေးရှင်းတားဆီးပစ္စည်း ပါဝင်မှုသည် ဆဲလ်များကိုထိခိုက်စေနိုင်သော အခမဲ့ရေဒီကယ်များကိုသက်သာစေခြင်းဖြင့် ကိုယ်ခံအားစနစ်ကိုလည်း ထောက်ပံ့ပေးသည်။

အစားအစာချက်ပြုတ်ခြင်း၌ အသုံးပြုမှုများလည်းရှိသည်။ ပဲပုပ်ဆီသည် ချက်ပြုတ်ရာတွင် မီးဖိုမီးအပူချိန်မြင့်(~450°F/230°C) ထိရှိသဖြင့် ကြော်ခြင်း၊ မုန့်ဖုတ်ခြင်း၊ မီးဖုတ်ခြင်းနှင့် လှော်ခြင်း၊ ချက်ပြုတ်ခြင်းတို့အတွက်သင့်တော်ပြီး အန္တရာယ်ရှိသောပစ္စည်းများအဖြစ် မပျက်စီးစေပါ။ ၎င်း၏ ထူးခြားလွန်ကဲအရသာနှင့် အမျိုးမျိုးအသုံးပြုနိုင်မှုကြောင့် ချက်ပြုတ်ခြင်းနှင့် အစားအစာထုတ်လုပ်ခြင်းတွင် လူကြိုက်များသော ရွေးချယ်ပစ္စည်းတစ်ခုဖြစ်သည်။ ထို့ပြင် အလှကုန်၊ ပိုးမွှားကာကွယ်ဆေးများနှင့် စက်မှုလုပ်ငန်းများတွင်လည်း တစ်ခါတစ်ရံ အသုံးပြုကြသည်။ အနှစ်ချုပ်အားဖြင့် အသင့်အတင့်အတိုင်းအသုံးပြုပါက ပဲပုပ်ဆီသည် နှလုံးကျန်းမာရေးအတွက်ကောင်းမွန်ပြီး အရိုးကိုထောက်ပံ့ပေးသော အသားအရေနှင့် ဆံပင်အတွက် အထောက်အကူပြုသောဆီဖြစ်နိုင်သည်။ Polyunsaturated Fats, Omega-3s, Vitamin K နှင့် Vitamin E တို့ပေါင်းစပ်မှုကြောင့် အစားအစာနှင့် အပေါ်ယံသုံးစွဲမှုနှစ်မျိုးစလုံးအတွက် တန်ဖိုးရှိသောထပ်ဆောင်းပစ္စည်းတစ်ခုဖြစ်သည်။ အကျိုးအမြတ်အများဆုံးရရှိရန် အော်ဂဲနစ် သို့မဟုတ် အနည်းငယ်ပြုပြင်ထားသော ပဲပုပ်ဆီကိုရွေးချယ်ပြီး အန္တရာယ်ရှိသော Trans Fat များပါဝင်သော ဟိုက်ဒရိုဂျင်ဖြင့်ပြုလုပ်ထားသော ဓာတ်တိုးဆီ၊ အဆီဓာတ်များလွန်းသောဆီများကို ရှောင်ကြဉ်ရန်အကြံပြုလိုပါသည်။

ဆက်လက်ဖော်ပြပါမည်။

# မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်



**ရန်ကုန် စက်တင်ဘာ ၂၄**

မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား Premiere Show ကို စက်တင်ဘာ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မင်းဆက်သစ်က LOVE 2 ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ တတိယမြောက် ရုပ်ရှင်ဇာတ်ကားကြီးပါ။ ကျွန်တော့်ရဲ့ သဘင်သည် မြနှင်းဆီ ရုပ်ရှင်ကားက ပေါက်ခဲ့တာမို့ ဒီကားထဲမှာ ပရိသတ်အကြိုက်တွေ့အောင် အကောင်းဆုံး ကြိုးစားခဲ့ပါတယ်။ ဒီကားက ငိုရမှာတွေလဲပါသလို ချစ်ခြင်းတွေလဲ ပါပါတယ်။ မက်မက်မောမောမုန်းဆိုတဲ့ ရုပ်ရှင်ဇာတ်ကားက ၂၅ ရက်နေ့ကစပြီးတော့ ပြသတော့မှာဖြစ်ပါတယ်။ ရုံတင်တဲ့အခါကျရင် ရုံထဲကို ရောက်အောင်လာပြီး ကြည့်ရှုအားပေးကြပါအုံး။ တကယ်မထင်မှတ်ထားတဲ့ လျှို့ဝှက်ချက်လေးတွေလဲပါပါတယ်"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

LOVE 2 ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မက်မက်မောမောမုန်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေဝင်း၊ ဖြိုးရာဇာနိုင်၊ ဇော်ဝင်းနိုင်၊ ဒေါင်းဝေ၊ ရဲမွန်၊ မေမီကိုကို၊ မယ်လိုဒီ၊ သင်းသဲမို၊ ဂွမ်းပုံကြီး၊ စိုးမိုးကြည်၊ ယွန်းသဒ္ဒါဟန်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# Heart of the Beast ဇာတ်ကားကို အမေရိကန်နိုင်ငံရုပ်ရှင်ရုံများ၌ ပြသမည်

**နယူးယောက် စက်တင်ဘာ ၂၄**

မင်းသားဘရက်ပစ် ပါဝင်သရုပ်ဆောင်ထားသည့် Heart of the Beast ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၂၅ ရက်တွင် အမေရိကန်နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ဒေးဗစ်အေးယားရိုက်ကူးသည့် Heart of the Beast ဇာတ်ကားသည် စွန့်စားခန်းနှင့် သည်းထိတ်ရင်ဖိုဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသားဘရက်ပစ်သည် အမေရိကန်အထူးတပ်ဖွဲ့ဝင်ဟောင်း ဂျိမ်းဘဲမွန်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး လေယာဉ်ပျက်ကျပြီးနောက် ဂျိမ်းနှင့် ၎င်း၏ စစ်ဘက်လေ့ကျင့်ရေးခွေးတို့သည် အလက်စကာပြည်နယ်၏ တောရိုင်းဒေသအတွင်းပိတ်မိသွားကြပြီး ပြင်းထန်သည့် သဘာဝပတ်ဝန်းကျင်အခြေအနေများကြားမှ အသက်ရှင်ကျန်ရစ်ရန် ကြိုးပမ်းရပုံကို ရိုက်ကူးထားသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ဘရက်ပစ်နှင့်အတူ မင်းသား ဂျေကေဆင်မွန်၊ မင်းသမီးအန်နာလမ်ဘီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကား၏ ဇာတ်ညွှန်းကိုဇာတ်ညွှန်းရေးဆရာကင်မရွန်အလက်ဇန်းဒါးက ရေးသားပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲကို fortune tv နှင့် fortune tv Application တို့မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

Verden Production က ရိုက်ကူးထုတ်လုပ်သည့် အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂၈ ရက်မှစတင်ကာ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ထိ ည ၈ နာရီတွင် fortune tv နှင့် fortune tv Application တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် မေသူထွန်းထံမှ သိရသည်။

အဆိုပါ အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မေသူထွန်းက ရေးသားထားပြီး Verden Production အတွက် ဒါရိုက်တာ မင်းစနေက တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ရေစက်ဆိုတဲ့ အရာမျိုးက ရှောင်လွှဲလို့မရတဲ့ အရာတစ်ခုပါ။ ဒီလူနဲ့ဆုံတွေ့ဖို့ အကြောင်းဖန်လာရင် ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် ဆုံစည်းကြရပါတယ်။ ဒီလိုပါပဲ




ဖိုးလုံးနဲ့ ရတနာလေးကလဲ သူတို့ရဲ့ရေစက်ကြောင့် သွေးမတော်သားမစပ်ဘဲ တွေ့ဆုံခဲ့ကြတာပါ။ သူတို့နှစ်ယောက် အချိန်တွေ အကြာကြီး တစ်ယောက်ကိုတစ်ယောက် ဖေးမချစ်ခင်ရင်းနဲ့ သူတို့ကိုမလိုလားတဲ့ ပတ်ဝန်းကျင်ကို သူတို့ဘယ်လိုရင်ဆိုင်သွားမလဲ။ နောက်ဆုံးမှာ ဘာတွေဆက်ဖြစ်မလဲဆိုတာ fortune tv နှင့် fortune tv Application မှာ စောင့်မျှော် ကြည့်ရှုပေးပါအုံး"ဟု သရုပ်ဆောင် မေသူထွန်းက ပြောပြသည်။

အတိတ်ကံ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် မင်းစနေ၊ သူရဟိန်း၊ ဇေယံ၊ မင်းသူ၊ သီဟအောင်၊ ဟန်ထက်ဇော်၊ ဖြိုးထက်မြင့်၊ မေသူထွန်း၊ ဝါဝါငွေ၊ မိုခမ်း၊ မီမီသိန်း၊ ယဉ်ယဉ်၊ ခင်ကျော့ရှင်း၊ ဝင်းမြတ်မြတ်ဖြိုး၊ ချိုသဲစုအောင်၊ ဖွန်သီရိမောင်၊ ယမင်းရွှေရည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# လန်ဒန်မြို့ တိတ်မော်ဒန်ပြတိုက်တွင် ပြင်သစ်ပန်းချီဆရာ ကလော့ဒ်မိုနေး၏ ပန်းချီကားများကို အထူးပြပွဲအဖြစ်ပြသမည်

**လန်ဒန် စက်တင်ဘာ ၂၄**

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ တိတ်မော်ဒန်ပြတိုက်တွင် ပြင်သစ်ပန်းချီဆရာ ကလော့ဒ်မိုနေး၏ ပန်းချီကားများကို အထူးပြပွဲအဖြစ် ပြသမည်ဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

ကလော့ဒ်မိုနေး၏ ပန်းချီကား အထူးပြပွဲကို ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှ ဇွန် ၂၇ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြပွဲသည် ပြင်သစ်ပန်းချီဆရာ ကလော့ဒ်မိုနေး၏ ပန်းချီကားများကို အဓိကထားပြသမည့်ပထမဆုံးပြပွဲဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် မိုနေး၏ နာမည်ကျော် Water Lilies ပန်းချီစီးရီးမှ ပန်းချီကား ၂၀ ခန့် ပါဝင်ပြသမည့်အပြင် နာမည်ကျော် ပန်းချီစီးရီးများမှ ပန်းချီကားများ၊ ပြင်သစ်နိုင်ငံရှိ မူဆေးမာမိုတန်မိုနေးပြတိုက်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ ပန်းချီကားများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ




# ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် နေဆန်း မိသားစုက ငွေကျပ် ငါးသိန်း လာရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၄**

အောက်တိုဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၀၆ နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် သရုပ်ဆောင် နေဆန်း မိသားစုက စက်တင်ဘာ ၂၃ ရက်က ငွေကျပ် ငါးသိန်း လာရောက်လှူဒါန်းခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းထံမှ သိရသည်။

၁၀၆ နှစ်မြောက်မြန်မာ့ရုပ်ရှင်နေ့နှင့် ၄၉ ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချိုရပ်ကွက် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)၌ ကျင်းပသွားမည်ဖြစ်သည့်အတွက် ရုပ်ရှင်လောကသားများ၊ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"ရုပ်ရှင်သက်ကြီး ပူဇော်ကန်တော့ပွဲကတော့ နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရုပ်ရှင်နေ့မှာ ကျင်းပပါမယ်။ အောက်တိုဘာ ၁၃ ရက်မှာ အစဉ်အလာအတိုင်း ကျင်းပမှာမို့ အနုပညာရှင်၊ အတတ်ပညာရှင်တွေက ပါဝင်လှူဒါန်းနေကြတာတွေရှိပါတယ်။ စက်တင်ဘာ ၂၃ ရက်က သရုပ်ဆောင်နေဆန်း မိသားစုက အလှူငွေကျပ် ငါးသိန်း လာရောက်လှူဒါန်းခဲ့ပါတယ်။ ဒီနှစ် သက်ကြီးကန်တော့ခံရုပ်ရှင်အနုပညာရှင်က အယောက် ၁၆၀ ရှိပါတယ်။ ကန်တော့ပွဲ နောက်နေ့မှာ သက်ကြီး ကန်တော့ခံ ရုပ်ရှင်အနုပညာရှင်တချို့ကို အိမ်တိုင်ရာရောက် သွားရောက်ကန်တော့မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ပြောပြ၍ သိရသည်။

ASH

# 32 PDF members, six family members, totalling 38 return to legal fold along with arms and ammunition, due to abhorrence of terror acts and desire to live in peacefully



**PDF members from Sataung area of Sagaing Region who returned to the legal fold seen in a group photo together with arms and ammunition.**

**Nay Pyi Taw September 24**

Under the guidance of the government, the Tatmadaw has consistently prioritized efforts to maintain peace and stability in the country. Accordingly, it has achieved successes in Counter-Terrorism Operations, retaken and brought under control, one after another, areas that had been temporarily controlled by terrorists, and fully reopened communication routes. As a result, the terrorists have become increasingly demoralized and are no longer able to mount resistance. As time has passed, conflicts have also emerged among them over territorial control and the allocation of shares based on self-interest, including acts of bullying, oppression and killings among themselves.

In addition, members of Local PDF groups that are not under the control of the NUG and CRPH terrorist groups have reportedly been subjected to unilateral discrimination and bullying, while PDF groups under their control have allegedly been forcibly sent to operational areas as proxies for ethnic armed terrorist groups, made to use narcotic drugs and fight in suicide missions, and exploited for their own interests. Furthermore, some members of PDF groups and ethnic armed organizations have reportedly come to despise acts of terrorism that cause loss of life and damage to the homes and property of ethnic people, and have wished to live, work, earn a living and pursue education peacefully. They have also wished to reunite with their families and live and work freely under the protection of the law following the government's legal measures and welcoming policy. As the relevant authorities have made arrangements to ensure their security and enable them to live and work freely among the public after entering the legal fold, and as they have come to understand the peace efforts of the State and the Tatmadaw, members of PDF groups and ethnic armed groups have been reporting to nearby military units, camps and security outposts and entering the legal fold together with their arms and ammunition.

A total of 23 male members from Local PDF terrorist group, three women from their families, six males and trhee females from Sataung PDF terrorist group and three women from their families, totalling 29 male and three female PDF members and six women from their families contacted the nearby local military camp and returned to the legal fold, bringing along with 13 assorted firearms, ammunition and related equipment on 22 September.

The members of the so-called PDF groups who have entered the legal fold reportedly did so because they had become dissatisfied with carrying out terror acts and had come to realize that, although they had taken up arms in the name of political causes, they themselves had become involved in violent activities. They also reportedly cited alleged bullying and discriminatory treatment by the NUG and CRPH, internal hierarchies involving abuse, oppression, killings and sexual violence among members, and the hardship and poor living conditions they experienced. They further said that the NUG, CRPH and ethnic armed organizations had forcibly sent members of so-called PDF groups to operational areas, made them use narcotic drugs and engage in suicide attacks, and exploited them for their own interests. So, they returned to the legal framework.





**Arms and ammunition in addition to related accessories taken by those who returned to the legal fold.**

Officials from the local military unit in Sagaing warmly welcomed the members of the so-called PDF groups and their family members who entered the legal fold. They are also providing necessary assistance and support, healthcare services, and arrangements to facilitate administrative matters.

The government continues to keep its doors open and invite those who have become involved in terrorist groups, including so-called PDF groups, for various reasons to return to the legal fold. Those who return to the legal fold are welcomed, provided with necessary assistance and support, and systematically handed back to their parents or guardians. There are still more individuals who wish to return to the legal fold. Those wishing to return to the legal fold and work together with the government and the Tatmadaw for the benefit of the country and their respective communities are urged to promptly contact and report to the nearest district or township administrative bodies, military camps or police stations. Those who make such contact and report their intention to return will be welcomed and provided with the necessary assistance and support. Appropriate cash rewards are also being provided for arms and ammunition.

The voices of those who have returned to the legal fold were also heard as follows:-

1. "In early June 2022, I attended military training in Wetlet Township after being persuaded by a friend. Upon returning from the training, I formed the Yoma Column alongside ten comrades. From the moment the Yoma Column was established, terrorist groups such as the NUG and CRPH discriminated against, bullied, and oppressed us because our local PDF group was not under their command. Ethnic armed organizations also treated us as disposable forces simply because we were PDF, forcibly sending us into operational areas, compelling us to use drugs, and forcing us to fight in suicide missions. Over these four years, as we came to realize the truth, we contacted the Tatmadaw and surrendered. Upon our return to the legal fold, the Tatmadaw arranged food, drink, and accommodation for us, leaving us with no unmet needs. I warmly welcome any younger brothers, sisters, and relatives who wish to follow in our footsteps."

2. "In early 2025, I joined the group after being enticed and persuaded by my friends, and I ended up completing their training courses as a result of their influence.

*See Page 13*



**A returnee to the legal fold gives an interview.**



**A returnee to the legal fold gives an interview.**



**A returnee to the legal fold gives an interview.**

# Shwebo District to plant more than 6,500 acres of sunflower



**This photo captures a thriving sunflower plantation.**

**Shwebo September 24**

Shwebo District Agriculture Department stated that local farmers will grow 6,500 acres of sunflower as cold season crops in Shwebo District of Sagaing Region this year.

During the upcoming 2026-2027 cold-season crop cultivation period, Shwebo District has set a target of 6,500 acres for sunflower cultivation. The township-wise targets are 425 acres in Shwebo Township, 1,507 acres in KhinU Township, 4,433 acres in Wetlet Township and 135 acres in Kyaukmyaung Sub-Township, according to reports.

"This year, during the upcoming cold-season crop cultivation period in Shwebo District, a target has been set to grow sunflower on 6,500 acres. Measures will be taken to ensure that the cultivation target is met. We will promote the expansion of sunflower cultivation, as it is an oilseed crop, in order to reduce reliance on imported palm oil. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame. Sunflower is cultivated only during the cold season," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

To expand sunflower cultivation in Shwebo District, the respective Township Departments of Agriculture will intensify farmer education and training programmes. Training will also be stepped up to enhance the capacity of staff and farmers who will grow sunflower, according to reports.

This year, arrangements have been made to provide seeds to sunflower growers in Shwebo District and to sell urea fertilizer at affordable prices. Sunflower seeds produced locally will also be distributed through farmer-to-farmer seed exchange systems. 206

# Hnanka rice sells well at domestic market in Kyangin

**Kyangin September 24**

Hnanka variety of rice is in high demand at the domestic market in Kyangin Township of Ayeyawady Region, said Daw Moe Moe Aye, the rice and paddy trader in Kyangin Township.

In the rice and paddy trading market in Kyangin Township, trading of Hnanka rice has been brisk from the second week of September this year to date, with 450 to 900 24-pyi bags being traded per day. The increase in demand for Hnanka rice is attributed to stronger demand from the local market, according to reports.

"Currently, Hnanka rice is in higher demand in the local market than other types of rice. Demand has increased since around the second week of September. Hnanka rice is also in demand in the domestic market, resulting in increased trading. Domestic demand has risen because businesses related to the domestic rice milling industry have resumed operations. The improvement in rice trading has particularly benefited those who have stored rice and paddy," said Daw Moe Moe Aye.

In the rice and paddy trading market in Kyangin Township, a 24-pyi bag of Hnanka rice, which is currently seeing brisk trade, is fetching up to K90,000. The increased demand for Hnanka rice has also created employment opportunities for rice and paddy storage operators, traders, cargo truck operators and manual workers.

Kyaw Kyaw Lin

# Groundnut from over 17,000 acres of croplands harvested in Kanbalu Township

**Kanbalu September 24**

Local farmers have harvested more than 17,000 acres of groundnut in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

Kanbalu Township has planted 62,419 acres of groundnut during this year's monsoon crop season. Harvesting of the groundnut fields began in August, and 17,810 acres had been harvested as of today, with an average yield of 52.29 baskets per acre, according to reports.

"We were able to plant up to 62,419 acres of groundnut in Kanbalu Township during this year's monsoon crop season. The groundnut fields that have been planted are currently being harvested. More than 17,000 acres have been harvested as of today. We were able to plant more acres than the target. Groundnut cultivation has been successful and productive. As an oilseed crop, groundnut is performing well. Groundnut cultivation has been increasing year by year," said U Myo Myint, head of the Kanbalu Township Department of Agriculture.

In Kanbalu Township, one and a half baskets of seed are required to plant one acre of groundnut. The total cost, including seed, labour, fertilizer and pesticides, is more than 200,000 kyats per acre. An average yield of more than 50 baskets per acre is obtained.

To ensure successful growth of the groundnut crops, prevent pest and disease outbreaks, and keep the fields free of weeds, staff from the Township Department of Agriculture conducted field inspections and surveillance activities in the groundnut plantations. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# NASA, SpaceX target Oct. 1 for Crew-13 launch to space station

**Los Angeles September 24**

NASA and SpaceX are targeting Oct. 1 as the earliest launch opportunity for the Crew-13 mission to the International Space Station, NASA said Tuesday.

SpaceX's Dragon spacecraft and Falcon 9 rocket are scheduled to lift off from Cape Canaveral Space Force Station in Florida, according to NASA. The crew is expected to reach the space station in less than nine hours after launch.

NASA astronauts Jessica Watkins and Luke Delaney will serve as spacecraft commander and pilot, respectively. Canadian Space Agency astronaut Joshua Kutryk and Roscosmos cosmonaut Sergey Teteryatnikov will serve as mission specialists.

Crew-13 is the 13th crew rotation mission of SpaceX's human space transportation system and the company's 14th crewed flight to the space station through NASA's Commercial Crew Program. Xinhua

*From Page 12*

Because our group was not under their direct command, terrorist organizations like the NUG and CRPH subjected us to torture, abuse, and one-sided bullying. Driven by this oppressive behavior, we returned to the legal fold with the Tatmadaw. Upon our surrender, the Tatmadaw welcomed us like family and provided for all our food, clothing, and living needs. I therefore encourage all remaining members of these groups to come forward and return to the legal fold."

3. "I made contact with PDF groups in early 2025 and began military training. After completing the training, I carried out military operations around Sartaung. I was also involved in inspecting cargo trucks and extorting money from travelers along the Sagaing-Shwebo highway, handing over the collected funds to higher-ups. Under their orders, I set off landmines and carried out bombings intended to instill fear in the public. Ethnic armed organizations forcibly deployed PDF members to operational areas, compelling them to use drugs before sending them into battle. They exploited us for their own self-interest while forcing us to fight on the front lines. Disliking their actions, I established contact with the Tatmadaw and surrendered. Upon returning to the legal fold, the Tatmadaw arranged our living conditions, food, and accommodation, while also awarding us monetary rewards. I warmly welcome any younger brothers and sisters who wish to return to the legal fold next." 100

# ချက်နိုင်ငံက အစ္စရေးထုတ် SPYDER လေကြောင်းရန်ကာကွယ်ရေးစနစ် ပထမဆုံးအသုံးပြုသည့် NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာ



ချက်နိုင်ငံသည် အစ္စရေးနိုင်ငံထုတ် SPYDER လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပထမဆုံးအသုံးပြုသည့် NATO အဖွဲ့ဝင်နိုင်ငံဖြစ်လာကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ချက်နိုင်ငံသည် အစ္စရေးနိုင်ငံ Rafael Advanced Defense Systems ကုမ္ပဏီထံမှ SPYDER လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ခွဲလေးခွဲကို ၂၀၂၁ ခုနှစ်တွင် မှာယူခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် လက်နက်စနစ် လေးစုံလုံး ထုတ်လုပ်ပြီးစီးခဲ့ကာ ပထမနှစ်စုံကို ချက်နိုင်ငံထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်သည်။

အဆိုပါ SPYDER လက်နက်စနစ်များကို ချက်တပ်မတော်၏ လိုအပ်ချက်များနှင့်အညီ ပြင်ဆင်တပ်ဆင်ထားပြီး NATO စံနှုန်းများနှင့် ကိုက်ညီမှုရှိ၊ မရှိ စစ်ဆေးခြင်း၊ စနစ်အချင်းချင်း ပေါင်းစပ်အသုံးပြုနိုင်မှုစမ်းသပ်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်စွမ်းစိစစ်ခြင်းများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

SPYDER လက်နက်စနစ်သည် ချက်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သည့် အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်လာမည်ဖြစ်သည်။ အနာဂတ်တွင် ၎င်းကွန်ရက်အတွင်း ပွဲထိန်းဒုံးကျည်ကာကွယ်ရေး၊ တန်ပြန်ဒရုန်း ကြားဖြတ်တိုက်ခိုက်ရေးစနစ်များ၊ ကွပ်ကဲထိန်းချုပ်မှုစနစ်များအပြင် လေဆာအခြေပြုလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များကိုပါ ထပ်မံထည့်သွင်းနိုင်ရန် စီစဉ်ထားသည်။

SPYDER စနစ်ကို စတင်အသုံးပြုခြင်းသည် လေကြောင်းရန်ကာကွယ်ရေးကဏ္ဍတွင် နည်းပညာနှင့် အရည်အသွေးပိုင်းဆိုင်ရာ သိသာထင်ရှားသည့် တိုးတက်မှုတစ်ရပ်ဖြစ်ပြီး နိုင်ငံ၏ လေပိုင်နက်ကို ခေတ်မီအလွှာစုံဖြင့် ကာကွယ်နိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ချက်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Jaromír Zůna က ပြောကြားထားသည်။

SPYDER လက်နက်စနစ်သည် အစ္စရေးနိုင်ငံ Rafael ကုမ္ပဏီက ထုတ်လုပ်သည့် မြေပြင်မှလေကြောင်းပစ်မှတ်များကို ကြားဖြတ်ဖျက်ဆီးနိုင်သည့် ရွေ့လျားနိုင်သော လေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်သည်။ ၎င်းလက်နက်စနစ်၏ အမည်မှာ Surface-to-Air PYthon and DERby မှ ဆင်းသက်လာခြင်းဖြစ်ပြီး Python နှင့် Derby ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်နည်းပညာများကို အခြေခံထားသည်။ SPYDER လက်နက်စနစ်သည် ဖြတ်လွယ်၊ တပ်လွယ်ပုံစံဖြင့် တည်ဆောက်ထားသည့်စနစ်ဖြစ်ပြီး လေယာဉ်များ၊ ဒရုန်းများနှင့် တိကျမှုမြင့် ပွဲထိန်းလက်နက်များအပါအဝင် တာတိုမှ အလယ်အလတ် အကွာအဝေးအတွင်းရှိ လေကြောင်းပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားသည်။

ထိုစနစ်သည် လှုပ်ရှားမြေပြင်တပ်ဖွဲ့များကို လေကြောင်းမှကာကွယ်ပေးနိုင်ရန် မိုဘိုင်းစနစ်အဖြစ် အသုံးပြုနိုင်သကဲ့သို့ သတ်မှတ်ထားသော အရေးကြီးနေရာများတွင်လည်း အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ် ဖြန့်ကြက်အသုံးပြုနိုင်သည်။

လက်ရှိတွင် ဒရုန်းများ၊ တိကျမှုမြင့်မားသောလက်နက်များနှင့် အခြားလေကြောင်းပစ်မှတ်များ၏ ခြိမ်းခြောက်မှုများ တိုးမြင့်လာနေသည့်အခြေအနေ၌ အလွှာစုံ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို တည်ဆောက်ခြင်းနှင့်တန်ပြန်ဒရုန်းစနစ်များ၊ ရေဒါများ၊ ကွပ်ကဲထိန်းချုပ်မှုစနစ်များကို ပေါင်းစပ်အသုံးပြုခြင်းသည် နိုင်ငံအများအပြား၏ လေကြောင်းရန်ကာကွယ်ရေး ခေတ်မီတိုးတက်ရေးလုပ်ငန်းစဉ်တွင် အရေးပါသော အစိတ်အပိုင်းတစ်ရပ် ဖြစ်လာကြောင်း သိရသည်။

**Czechia Becomes First NATO Operator of Israeli SPYDER Air Defense System** ကို ဘာသာပြန်ဆိုထားပါသည်။

# အမေရိကန်က ဒရုန်းများကို Jamming မပြုလုပ်ဘဲ ရုပ်ဝတ္ထုပိုင်းဆိုင်ရာထိမှန်ဖျက်ဆီးနိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ကို စမ်းသပ်

အမေရိကန်ကာကွယ်ရေးနည်းပညာကုမ္ပဏီ Perseus Defense သည် ဒရုန်းများကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် Jamming မပြုလုပ်ဘဲ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ထိမှန်ဖျက်ဆီးနိုင်သည့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်မျိုးကို စမ်းသပ်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက စက်တင်ဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် အမေရိကန်မြောက်ပိုင်းကွပ်ကဲမှုဌာနချုပ်၊ NORAD နှင့် ပင်တဂွန်စစ်ဌာနချုပ် Joint Interagency Task Force 401 တို့ ပါဝင်သည့် Falcon Peak 26.2 အသေးစားမောင်းသူမဲ့လေယာဉ်စနစ်များတန်ပြန်ရေး စမ်းသပ်လေ့ကျင့်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုက်ခိုက်ဖျက်ဆီးသည့်နည်းလမ်း Mk-III ကြားဖြတ်ဒုံးကျည်တွင် Kinetic Hit-to-Kill နည်းလမ်းကိုအသုံးပြုထားပြီး ဒရုန်း၏ ဆက်သွယ်ရေးစနစ်ကို အီလက်ထရွန်နစ်နည်းလမ်းဖြင့် နှောင့်ယှက်ခြင်းမပြုဘဲ ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ဖြင့် တိုက်ရိုက်တိုက်ခိုက် ဖျက်ဆီးခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များသည် မောင်းသူမဲ့လေယာဉ်များကို ထိန်းချုပ်ရန်အသုံးပြုသည့် ရေဒီယိုဆက်သွယ်ရေးလှိုင်းများကို Jamming သို့မဟုတ် Spoofing ပြုလုပ်ခြင်းဖြင့် တန်ပြန်လေ့ရှိသည်။

သို့သော် ကြိုတင်သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်းပျံသန်းသည့် ဒရုန်းများ သို့မဟုတ် Fiber-Optic Cable အသုံးပြု၍ ဆက်သွယ်ထိန်းချုပ်သည့်ဒရုန်းများကို တန်ပြန်ရာတွင် အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းလမ်းများ၏ ထိရောက်မှုကန့်သတ်ချက်များရှိနိုင်သည်။ ထို့ကြောင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ထိမှန်ဖျက်ဆီးသည့် ကြားဖြတ်တားဆီးရေးစနစ်သည် ထိုကဲ့သို့သောခြိမ်းခြောက်မှုများကို တန်ပြန်ရန် အခြားကာကွယ်ရေးအလွှာတစ်ရပ်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

စမ်းသပ်မှုတွင် ကြားဖြတ်ဒုံးကျည် ရှစ်စင်းတပ်ဆင်ပစ်လွှတ်နိုင်သည့် လောင်ချာအတွင်းထည့်သွင်းကာ စမ်းသပ်ပြသခဲ့သည်။ Perseus Defense ကုမ္ပဏီ၏ ပြောကြားချက်အရ အဆိုပါစနစ်တွင် Anduril Industries ကုမ္ပဏီ၏ Lattice ကွပ်ကဲထိန်းချုပ်မှုဆော့ဖ်ဝဲနှင့် ပေါင်းစပ်အသုံးပြုနိုင်သည့် Lattice-level integration စွမ်းရည်ပါဝင်ကြောင်း သိရသည်။

ယခုစမ်းသပ်မှုမတိုင်မီ Perseus Defense ကုမ္ပဏီသည် Fort Carson တပ်မြို့တွင်ပြုလုပ်ခဲ့သည့် Operation Jailbreak စမ်းသပ်လေ့ကျင့်မှု၌လည်း ၎င်း၏စနစ်ကို ပါဝင်စမ်းသပ်ပြသခဲ့သည်။

Falcon Peak 26.2 စမ်းသပ်လေ့ကျင့်မှုသည် နည်းပညာအသစ်များကို စမ်းသပ်အကဲဖြတ်ရန်၊ စစ်ဘက်နှင့် အရပ်ဘက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် နည်းပညာထုတ်လုပ်သူများထံ လက်တွေ့အသုံးချမှုဆိုင်ရာ တုံ့ပြန်အကြံပြုချက်များကို လျင်မြန်စွာပေးပို့နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။



အဆိုပါစမ်းသပ်မှုတွင် ဒရုန်းများကို တန်ပြန်ရာ၌ အနီးဝန်းကျင်ရှိ အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအပေါ် ထိခိုက်မှုကိုအနည်းဆုံးဖြစ်စေရန် အလေးထားသည့် နည်းပညာများကို အထူးအာရုံစိုက်စမ်းသပ်ခဲ့သည်။ ယခုနှစ် Falcon Peak စမ်းသပ်မှုကို Yuma စမ်းသပ်ရေးဗဟိုဌာနတွင် ပထမဆုံးအကြိမ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်များတွင် ဖလော်ရီဒါပြည်နယ်ရှိ Eglin Air Force Base တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစမ်းသပ်မှုနှင့် ပတ်သက်၍ ထပ်မံဖော်ပြချက်များတွင် Perseus Defense ၏ Harpe ဟု အမည်ပေးထားသည့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်တစ်မျိုးကိုလည်း ဖော်ပြထားသည်။ အဆိုပါဒုံးကျည်သည် အရှည် ၂၄ လက်မခန့်ရှိပြီး တိုက်ခိုက်တားဆီးနိုင်သည့် အကွာအဝေးမှာ ၁ ဒသမ ၂ မိုင်ခန့်ရှိကြောင်း သိရသည်။

၎င်း၏ Launcher သည် အလေးချိန် ၇၉ ပေါင်အောက်သာရှိသဖြင့် လူအင်အားဖြင့် ရွှေ့ပြောင်းတပ်ဆင်အသုံးပြုနိုင်ပြီး အလေးချိန်များပြားသည့် ယာဉ်များ သို့မဟုတ် အမြဲတမ်းတပ်ဆင်ထားရသည့် အခြေခံအဆောက်အအုံများအပေါ် မှီခိုမှုကို လျှော့ချနိုင်မည့်အလားအလာရှိသည်။

အမေရိကန်မြောက်ပိုင်းကွပ်ကဲမှုဌာနချုပ်သည် အဆိုပါစနစ်ကို အခြားတာတိုပစ် ဒရုန်းတန်ပြန်ရေးလက်နက်စနစ်များနှင့်အတူ စမ်းသပ်အကဲဖြတ်ခဲ့ပြီး စနစ်၏ ရွှေ့ပြောင်းအသုံးပြုနိုင်မှု၊ ဒရုန်းတစ်စင်းကို တန်ပြန်ရန်ကုန်ကျစရိတ်နှင့် တစ်ကြိမ်တပ်ဆင်ထားသည့် ဒုံးကျည်အရေအတွက်စသည့်အချက်များကို အခြေစိုက်စခန်းကာကွယ်ရေးအတွက် အဓိကထည့်သွင်းစဉ်းစားခဲ့ကြောင်း သိရသည်။

**Low-cost US interceptor destroys drones without jamming their signals** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၅၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဝက်လက် စက်တင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနှမ်း ၁၃၅၈၈ ဧကထိရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၆၀၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းခင်းများကို ဩဂုတ်လပထမပတ်မှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၃၅၈၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်းဧက ၁၆၀၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ကွမ်းသီးစိမ်းအလုံးရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ကွမ်းသီးစိမ်းအလုံးရေ ၆၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။



"ဘိုကလေးမြို့နယ်က နေ ရန်ကုန်ဈေးကွက်ကို ဩဂုတ်လထဲမှာ ကွမ်းသီးစိမ်းတွေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးစိမ်းတွေ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာလို့ တင်ပို့အား ကောင်းခဲ့တာဖြစ်ပါတယ်။ ဘိုကလေးမြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းသီးစိမ်းတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးစိမ်းများ တင်ပို့အားကောင်းလာရခြင်းကြောင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလျက် ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သဲကုန်းမြို့နယ် အုတ်တွင်းကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် အုတ်တွင်းကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက အုတ်တွင်းကုန်းကျေးရွာ၌ မြေနီကျောက်စရစ်လမ်း ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၆၃ သန်းဖြင့် ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန္တာ**




# ပုဗ္ဗသီရိမြို့နယ် သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သစ်ယာကုန်း ကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာကုန်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၁၅၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ်သိန်း ၈၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁၅ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ရှစ်သိန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၃၄ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP／MNDAA)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA)တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်၊ MNTJP ပေါလစ်ဗျူရိုနှင့် နိုင်ငံရေးဌာန ဌာနမှူး ဦးကျင်းရှင်း၊ ဗဟိုကော်မတီဝင် MNDAA စစ်ဦးစီးဌာန ဒုတိယစစ်ဦးစီးမှူး ဦးလီရှိုကြဲ၊ ဗဟိုကော်မတီဝင် MNDAA နိုင်ငံရေးဌာန ဒုတိယဌာနမှူး ဦးချားတတ်အန်း၊ ဗဟိုကော်မတီဝင် အထူးဒေသအရာရှိ သင်တန်းကျောင်း ဒုတိယကျောင်းအုပ် ဦးလီဖျင်ယုံ၊ ဆက်ဆံရေးဌာန ဒုတိယဌာနမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး ဦးလီကြားခွမ်း၊ တပ်မဟာ (၆၁၁) ဒုတိယနိုင်ငံရေးမှူးနှင့် ပစ်ခတ်ရပ်စဲမှုစောင့်ကြည့်ရေးအဖွဲ့ရုံးတာဝန်ခံ ဦးရွှေခိုင်၊ ဗဟိုကော်မတီရုံးအဖွဲ့ဝင် ဦးရန်နိုင်၊ MNDAA နိုင်ငံရေးဌာနစည်းရုံးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကွားရှင်၊ ဆက်ဆံရေးဌာနရုံးအဖွဲ့ဝင် ဒေါ်ရှဲယွီရှင်း၊ နိုင်ငံရေးဌာနရုံးအဖွဲ့ဝင် ဦးလီဝင်လုံတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးနောက်ပိုင်း ယနေ့ MNDAA နှင့်တွေ့ဆုံမှုသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသအထူးဒေသ(၁)ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး အပြန်အလှန် ယုံကြည်မှုများရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ပဋိပက္ခများဖြစ်ပွားလာပြီးနောက်ပိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည့် ဆန္ဒများဖြစ်လာကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပီပြင်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အပြန်အလှန်ယုံကြည်မှုတည်ဆောက်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ကိုးကန့်လူမျိုးများသည် မြန်မာနိုင်ငံ၏တိုင်းရင်းသားများဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပေးထားပြီးဖြစ်ကြောင်း၊ MNDAA ၏ ရေရှည်လိုလားချက်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်သည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး အပြန်အလှန်နားလည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မှီခိုမှုရှိရမည်ဖြစ်ကြောင်း၊ ဒေသမတည်ငြိမ်မှုကြောင့် ဒေသခံပြည်သူလူထုများ နစ်နာဆုံးရှုံးရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်ရန်လိုပါကြောင်း၊ လတ်တလောတွင် ဆုံးဖြတ်ရန်ခက်သည်များရှိပါက နောင်လာမည့်ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းကို နှစ်ဖက်အဖြေရှာသွားရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များကို ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA)မှMNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က နေပြည်တော်သို့ရောက်ရှိပြီး တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ NSPNCအနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေးဖော်ဆောင်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်စေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့်ပုံစံဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သောလမ်းကြောင်းကို အထူးကြိုဆိုကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာစွာနေထိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည်ပဋိပက္ခများကြောင့် ပြည်သူများ အတိဒုက္ခရောက်ရကြောင်း၊သမိုင်းကိုပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကိုဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏သဘောထားကြီးမှုသည် အရေးကြီးပါကြောင်း၊လက်ရှိခက်ခဲစွာရရှိထားသော ငြိမ်းချမ်းရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဖော်ဆောင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေဖန်တီးရန်လိုကြောင်း၊ တွေ့ဆုံဆွေးနွေးသောနည်းလမ်းဖြင့် လက်ရှိရရှိထားသည့်တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းကာကွယ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် တိုင်းရင်းသားတန်းတူညီမျှရေးဟူသော နိုင်ငံရေးရပ်တည်ချက်အပေါ်တွင် ခိုင်မာစွာရပ်တည်လျက် တိုင်းရင်းသားအားလုံး တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းနေထိုင်နိုင်သော စစ်မှန်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အထူးဒေသတည်ထောင်ရေးကို လျှောက်လှမ်းရန်ကိုင်စွဲထားပါကြောင်း၊ ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖူလုံရေးစသည့် လုပ်ငန်းများကို တတ်စွမ်းသမျှကြိုးစားလျက်ရှိပြီး တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းဖော်ဆောင်ရန် အထူးလိုလားပါကြောင်း၊ နှစ်ဖက်ကိုယ်စားလှယ်များ အပြန်အလှန်ဆက်သွယ်မှု၊ အမြင်ချင်းဖလှယ်ခြင်းတို့ကြောင့် ဒေသတွင်းတည်ငြိမ်မှု၊ ယုံကြည်မှုများခိုင်မြဲမည်ဖြစ်ကြောင်း၊နိုင်ငံတော်အကျိုးဖြစ်ထွန်းမည့်စီမံကိန်းများကို အားပေးထောက်ခံကြောင်း၊ ရှိရင်းစွဲတွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများကိုခိုင်မာစေပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အတူတကွ ပူးပေါင်းဖော်ဆောင်ရန် ဆန္ဒအပြည့်အဝရှိကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုတစ်ရပ်လုံးအတူတကွ အေးချမ်းစွာနေထိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသောနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် ငြိမ်းချမ်းရေးကိုဖန်တီးနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိစ္စရပ်များ၊ MNDAA ၏ နိုင်ငံရေးတရားဝင်မှုဖြစ်စေရေးနှင့် တိုင်းရင်းသားများတန်းတူညီမျှရှိရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊နယ်စပ်ဒေသကိုဖြတ်သန်းသည့် စီမံကိန်းများဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြားအပြန်အလှန်ယုံကြည်မှုခိုင်မာစေရေးနှင့် နိုင်ငံရေးပါတီတည်ထောင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် လာရောက်တွေ့ဆုံဆွေးနွေးမှု၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်မည့်ကိစ္စ၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးကို ဦးတည်ပြီး နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် MNDAA တင်ပြသည့် ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး မှတ်တမ်းကို လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို အထွေထွေအတွင်းရေးမှူး(၂) ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

# နီပေါနိုင်ငံအစိုးရက လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်ခဲ့သည့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ကျောက်စာတိုက်အဆောက်အအုံ ဖွင့်ပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးလျှောင်ကြီးကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့်ကျောက်စာတိုက်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် နီပေါနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ သုံးသိန်းကို ၂၀၂၆ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံဖြိုဖျက်မှုလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ခြင်းလုပ်ငန်းကို မဟာမုနိဂေါပကအဖွဲ့နှင့်ပူးပေါင်း၍ မန္တလေးမြို့ရှိ ဂေါ်ရခါးလူမျိုးများက ဆောင်ရွက်ခဲ့ရာ ယခုအခါပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးခင်မောင်အေး၊ သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာဂေါ်ရခါးဘာသာရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောက်စာတိုက်ပြင်ဆင်နိုင်ရေးအတွက် လှူဒါန်းပေးသည့် နီပေါအစိုးရနှင့် ကျောက်စာတိုက်ပြင်ဆင်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-နီပေါ နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှသည် အနာဂတ်ကာလတွင် သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက ကျောက်စာတိုက်အသစ် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင် ဝမ်းမြောက်စကားပြန်လည်ပြောကြားကာ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းက နီပေါနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်တော်များကို ကျောက်စာတိုက်ဖွင့်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်ကာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အနုပညာအထက်တန်းကျောင်း(မန္တလေး)မှ ကျောင်းသား၊ကျောင်းသူများက ပုဂံအကဖြင့်လည်းကောင်း၊ မန္တလေးဒေသခံဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့က နီပေါရိုးရာအကဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာသူများက ကျောက်စာတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဘာသာသုံးမျိုးဖြင့် ရေးထိုးထားသော မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်း၍ ကျောက်စာတိုက်ကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မန္တလေးနန်းမြို့ရိုးမြောက်ဘက်ရှိ ရတနာပုံခေတ် မင်းတုန်းမင်းကြီး လက်ထက်ကတည်ထားခဲ့သော သုဓမ္မာဇရပ်များအနက်ထိခိုက်ပျက်စီးသွားသည့် သုဓမ္မာဇရပ်များနေရာတွင် အစားထိုးဆောက်လုပ်သည့် သုဓမ္မာဇရပ်များဆောက်လုပ်ပြီးစီးမှု၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ၊ ကျောက်စာရုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများ ထွန်းညှိ




**ရန်ကုန် စက်တင်ဘာ ၂၄**

ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံး၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသော သင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများကို ယနေ့ညပိုင်းတွင် ထွန်းညှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို နှစ်စဉ်စက်တင်ဘာလ နောက်ဆုံးပတ် ကြာသပတေးနေ့တွင် ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား (World Maritime Day 2026) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ၂၀၂၅ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်းအများဆုံးရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း(SRPS)ကုမ္ပဏီသုံးခုကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးထွန်းလူက အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့(IMO)အနေဖြင့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့အတွက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ဆောင်ပုဒ်ကို “ရေကြောင်းကဏ္ဍမြှင့်တင်ဖို့-မူဝါဒမှ လက်တွေ့သို့” (From Policy to Practice: Powering Maritime Excellence)ဟုသတ်မှတ်ထားကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ဆောင်ပုဒ်သည် ကုန်သွယ်မှုတိုးချဲ့ခြင်း၊ ဆက်သွယ်ချိတ်ဆက်မှုကောင်းမွန်ခြင်း၊ အလုပ်အကိုင်ကောင်းများ ဖန်တီးခြင်းနှင့်အဏ္ဏဝါပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကို အထောက်အကူပြုလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် “မူဝါဒမှ လက်တွေ့သို့”ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေကြောင်းကဏ္ဍကို ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးဆိုင်ရာ ဆွေးနွေးပွဲ၊ကမ်းရိုးတန်းသင်္ဘောများအတွက် Collective Bargaining Agreement ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးဆိုင်ရာ ဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**● မိုးထစ်ချုန်းရွာမည်မှ**

မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

**ရှေ့ဖုံးမှအဆက်**

ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သဲနုန်းများတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ ခေါ် ဦးဝင်းရွှေ၏ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံးဖွင့်လှစ်မည်ဆိုပါက ရုံးဆောက်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်း လုပ်ငန်းဆောင်ရွက်ရန် အနည်းဆုံးပေ ၄၀၀ x ၄၀၀ မြေနေရာလိုအပ်ခြင်း၊ ရုံးဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲ၍ ရုံးဖွင့်လှစ်ခွင့်ကို တင်ပြတောင်းခံရခြင်း၊ နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းတွင် ရုံးအဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေး စက်ကိရိယာများ၊ ရုံးအသုံးအဆောင်ပစ္စည်းများအတွက် ငွေလုံးငွေရင်းအသုံးစရိတ်များ ကြိုတင်၍ တင်ပြတောင်းခံရခြင်းနှင့် ခန့်ထားရမည့်ဝန်ထမ်းများ၏ လစာစရိတ်များ ပေးချေရန်အတွက် သာမန်အသုံးစရိတ်များ နှစ်စဉ်တင်ပြတောင်းခံရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်ဖွင့်လှစ်မည်ဆိုပါက အထက်ပါအချက်အလက်များ ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသော ဒေသများရှိ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူ ပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများကို နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိ၍ လတ်တလောတွင် ခရိုင်မြို့များ၌ ရုံးအသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးထွန်းလွင်၏ **Digital အသွင်ကူးပြောင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့်ရလဒ်ကို မည်ကဲ့သို့စောင့်ကြည့်မှုပြုလုပ်ပြီး ပိုမိုတိုးတက်အောင် လုပ်ဆောင်နေမှုအခြေအနေကို ရှင်းလင်းပြောကြားရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်က ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) လုပ်ငန်းစဉ်များကို စနစ်တကျလမ်းညွှန်အကောင်အထည်ဖော်ရန်အတွက် အမျိုးသားဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရေတိုကာလတွင် သိသာထင်ရှားမြင်သာသည့် ငွေကြေးအကျိုးအမြတ်များ Tangible Result များ ရရှိနိုင်မည်မဟုတ်သော်လည်း ရေရှည်ကာလများတွင် အစိုးရ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သိသာထင်ရှားသည့်ရလဒ်များ၊ လူနေမှုနှင့် လူမှုစီးပွားကိစ္စရပ်များတွင် တိုးတက်မှုများရရှိလာမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပြည်သူအပေါ် အကျိုးပြုသည့်ရလဒ်ကောင်းများရရှိနိုင်ရေးအတွက် စနစ်တကျစောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများ သတ်မှတ်တိုင်းတာခြင်းတို့ကို ပန်းတိုင်ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်မှုကို စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေး မည်သို့ဆောင်ရွက်မည်နှင့် ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူသိရှိနိုင်ရေး အသိပညာပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်ထိ သတ်မှတ်ချက်များနှင့် အကျုံးဝင်သူ အမျိုးသားများကိုသာ ဆင့်ခေါ်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကောက်ယူသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အသက်အရွယ်အရ အကျုံးဝင်သူ အမျိုးသားဦးရေ ၆ ဒသမ ၂ သန်းဝန်းကျင်ခန့်ရှိပါကြောင်း။

သို့သော်လည်း ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် နယ်မြေ၊ ဒေသအားလုံးမှ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်ချက်နှင့် အကျုံးဝင်၊ ကိုက်ညီသူအားလုံးကို တစ်ပြိုင်တည်း၊ အင်အားတစ်ပြေးညီ သတ်မှတ်ခေါ်ယူစေခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေဒေသ၊ မြို့နယ်အလိုက် အကျုံးဝင်လူဦးရေ၊ လူဦးရေအစိတ်အကျဲ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ စသည်တို့ကို အသေးစိတ်အခြေခံတွက်ချက်ပြီး အချိုးကျသတ်မှတ်ဆင့်ခေါ် စေခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် အမျိုးသားတိုင်း နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာ သင်ကြားတတ်မြောက်စေရန်နှင့် လက်ရှိနိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးကိစ္စရပ်များ ပိုမိုဆောင်ရွက်နိုင်ရန်အလို့ငှာ သင်တန်းကျောင်းများက လစဉ်လက်ခံလေ့ကျင့်သင်ကြားပေးနိုင်သည့် အင်အားကို ထည့်သွင်းတွက်ချက်ကာ စနစ်တကျဆင့်ခေါ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေအပါအဝင် ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် လက်ကမ်းစာစောင်များ ရိုက်နှိပ်ပြီး ရပ်ကွက်၊ ကျေးရွာများအတွင်း ဖြန့်ဝေအသိပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူသိရှိလိုသည်များကို မေးမြန်းနိုင်ရန်နှင့် ဥပဒေနှင့်မညီသည့် ဆောင်ရွက်နေမှုများရှိပါက သတင်းပေးပို့တိုင်ကြားနိုင်ရေး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **သစ်တောသစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးမူဝါဒများချမှတ်ပြီး မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့် အပူဒဏ်ကာကွယ်ရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်မှကာကွယ်ရေးနှင့် ရေကြီးရေလျှံခြင်းတို့တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပျက်စီးပြုန်းတီးသွားသည့် နေရာများ၊ တောနိမ့်တောပါးများ၊ ရေဝေရေလဲဒေသများတွင် သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်စိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ထိ စနစ်တကျ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ပေးရန် မူဝါဒများချမှတ်ပြီး တစ်ပြိုင်တည်းလုပ်ဆောင်ရန်နှင့်ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒရည်မှန်းချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ပြီး သဘာဝတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့် ပြည်သူများပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် အ.ထ.က(ခွဲ) တ/ရုံးပင်ကန်ကျောင်းတွင် နှစ်ထပ်ကျောင်းဆောင်သစ်ကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တ/ရုံးပင်ကန် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တန်းခွဲအရလိုအပ်သည့် စာသင်ခန်း၊ စာကြည့်တိုက်၊ မီဒီယာခန်း၊ အစည်းအဝေးခန်းများအတွက် အဆိုပါကျောင်းရှိအန္တရာယ်ဆောင်ဖြစ်သော ရတနာဆောင် ပေ ၁၀၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC နှစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ သပေါ့ကန်ကျေးရွာ အ.ထ.ကကျောင်းကို RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် သပေါ့ကန် အခြေခံပညာအထက်တန်းကျောင်းတွင် ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိဆောင်ဖြစ်ခြင်း၊ ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်းတို့ကြောင့် လိုအပ်သောစာသင်ခန်း ခြောက်ခန်းစာအတွက် အဆိုပါအန္တရာယ်ရှိဆောင် ပေ ၁၂၀ x ၃၀ အုတ်ညှပ် တစ်ထပ်ကျောင်းဆောင်ကို ဖျက်သိမ်း၍ ပေ ၁၁၀ x ၃၀ RC နှစ်ထပ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade 10 ကျောင်းသား မရှိသော်လည်း လာမည့်ပညာသင်နှစ်တွင် ကျောင်းသားရှိလာပါက စာသင်ခန်းလိုအပ်နိုင်သောကြောင့် အထက်တန်းဆင့်အတွက် စာသင်ခန်း နှစ်ခန်းစာ ပေ ၆၀ x ၃၀ RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံကို ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့်နှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံသည် အကြမ်းဖက်အဖွဲ့အစည်း၏ နှစ်ကြိမ်ဖျက်ဆီးခံခဲ့ရပြီး ပျက်စီးမှုများကို ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ဓာတ်အားပို့လွှတ်ခဲ့ပါကြောင်း၊ သို့သော် တတိယအကြိမ်ဖျက်ဆီးခံရမှုတွင် ကေဗွီ ၂၃၀ မြဝတီပင်မဓာတ်အားခွဲရုံ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်နှင့်အတူ ကေဗွီ ၂၃၀ မော်လမြိုင်-မြဝတီ (၁၊၂) မဟာဓာတ်အားလိုင်းသည်လည်း ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ပြန်လည်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်၍ ကေဗွီ ၂၃၀ မော်လမြိုင်-မြဝတီ (၁၊၂) မဟာဓာတ်အားလိုင်း ဓာတ်အားစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ချိန်မှသာ မြဝတီမြို့နယ်အတွင်းသို့ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ၆၆/၁၁ ကေဗွီ၊ (၂၀+၁၀)အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံမှ မြဝတီမြို့နယ်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများကို လိုအပ်သည့်ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများအနေဖြင့် ရွှေစုခင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၉ မိုင်၊ သဘွတ်ကုန်း(တောင်)ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သုည ဒသမ ၈ မိုင်၊ သဘွတ်ကုန်း(မြောက်)ကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်တို့တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ၊ သဘွတ်ကုန်း(တောင်ရွာ)၊ သဘွတ်ကုန်း(မြောက်ရွာ)တို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေ၏ **လယ်ဝေးမြို့နယ် အေလာနှင့် သာဝတ္ထိနယ်မြေအတွင်းမှ ရွာများကို ၄၀၀ ဗို့ ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လယ်ဝေးမြို့နယ် အေလာနယ်မြေအတွင်းရှိကျေးရွာ ၁၃ ရွာတွင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်လည်းကောင်း ၄၀၀ ဗို့ဓာတ်အားလိုင်းများကို လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ။

သာဝတ္ထိနယ်မြေအတွင်းရှိ ကျေးရွာ ၂၉ ရွာအနက် အောင်သာယာ၊ ကြာကန်၊ ဇောဓိကုန်း၊ အောင်ချမ်းသာ၊ ဟေမာန်၊ အောင်မင်္ဂလာ၊ အောင်စည်လာ၊ တဲကြီးကုန်း၊ တဲကြီးကုန်း(ရွာသစ်)၊ အောင်နန်းချိုကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့လိုင်း ၁၃ ဒသမ ၅ မိုင်တို့ကို နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် တည်ဆောက်သွယ်တန်းထားပြီးဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျန်ရှိနေသော ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၄ မိုင်နှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံးတို့ကို **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် တည်ဆောက်သွယ်တန်းပြီးဖြစ်သော်လည်း ကျေးရွာများအတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ၈ ဒသမ ၅ မိုင်ခန့်တည်ဆောက်ရန် ကျန်ရှိနေပါကြောင်း၊ ထို့ပြင် မြိုင်သာယာ၊ ပိန်းချောင်း၊ ဗောဓိပင်၊ ရွှေမြင့်မိုရ်၊ ဇီးကုန်း၊ လသာ(ပေါက်မြိုင်)၊ ကြို့တန်း(တဲတန်း)ကျေးရွာ ခုနစ်ရွာတွင် ၁၁ ကေဗွီလိုင်း ၈ ဒသမ ၆ မိုင်ခန့်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ခုနစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ၃ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန် လိုအပ်လျက်ရှိပါသဖြင့် အဆိုပါကျေးရွာ ၁၇ ရွာတွင် တည်ဆောက်ရန် ကျန်ရှိနေသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများကို လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း တောင်ပေါ်ဒေသတွင် တည်ရှိသော ဇလီနှင့် လသာ(ငှက်ကြီးတောင်)ကျေးရွာနှစ်ရွာတွင် လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပြီး လုံခြုံရေးအခြေအနေအရ မြေပြင်ကွင်းဆင်းနိုင်မှုမရှိခြင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်စိစစ်ချက်အရ ပြည်သူပူးပေါင်းပါဝင်ရမည့် ငွေပမာဏကိုလည်း ထည့်ဝင်နိုင်မှုမရှိခြင်းတို့ကြောင့် လောလောဆယ်ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်းမဲဆန္ဒနယ်မှ ဦးဗိုလ်ဝင်း၏ **ပေါင်မြို့နယ် အလှပ်ကျေးရွာ ပင်လယ်ကမ်းခြေပတ်တာ ကျောက်စီတာတမံတွင် ကျန်ရှိနေသော ပေ ၁၀၅၀ ကို ကွန်ကရစ်တာတမံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပေါင်မြို့နယ် အလှပ်ကျေးရွာရှိ ဒေသကထိန်းသိမ်းထားသော အလှပ်ရေငန်တားတာပေါင်ကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် ပေတိုင် ၃၈၀၀ မှ ၅၀၀၀ ထိ အလျားပေ ၁၂၀၀ အပိုင်းမှ တာပေါင်အလျား ပေ ၁၅၀ ကို ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ မိုးရာသီအကုန် ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တာပေါင်အလျား ပေ ၃၀၀ ကို ထပ်မံဆောင်ရွက်ရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသည့်အပိုင်း ပေ ၇၅၀ အနက် တာပေါင်အလျား ပေ ၃၇၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဝင်း၏ **ဟသ်ာတမြို့ သပြုဆိပ်အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာတို့ရှိ တာပေါင်များကို ခိုင်ခံ့အောင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဟသ်ာတမြို့နယ် သပြုဆိပ်လယ်သမားတာနှင့် ဝဲကြီးလယ်သမားတာတို့သည် တောင်သူများ၏အစီအစဉ်ဖြင့် တည်ဆောက်ထားပြီး တောင်သူများကိုယ်တိုင် ပြုပြင်ထိန်းသိမ်းလျက်ရှိကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားခြင်း မရှိပါကြောင်း၊ အဆိုပါလယ်သမားတာများသည် မိုးရာသီ ဝဝန်မြစ်ရေမြင့်ချိန်တွင် ဝဝန်မြစ်ရေခေတ္တခိုအောင်းရာဧရိယာကိုလျော့နည်းစေသဖြင့် ဝဝန်မြစ်အတွင်း ရေမျက်နှာပြင်ကို ပိုမိုမြင့်တက်စေပြီး ဝဝန်ရေဘေးကာကွယ်ရေးတာ၏ လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်ပါကြောင်း။

တောင်သူများ၏ လက်ရှိအကျိုးစီးပွား မထိခိုက်စေရေးအတွက် ကာကွယ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဝဝန်မြစ်ရေဘေးကာကွယ်ရေးတာ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချရမှုကို မထိခိုက်စေရန်လည်းကောင်း အဘက်ဘက်ကချိန်ဆပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းအပါအဝင် တာဝိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့နယ် နမ့်အွန်ချောင်းပေါ်ရှိ ဖိုင်အွန်ဆည်ကို သစ်ရိုက်ကျောက်ဖြည့်ဆည်အဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းစံမြို့ရှိ ဖိုင်အွန်ဆည်သည် ရေကြီးမှုကြောင့် တိုက်စားပျက်စီးသွားသဖြင့် မူလလက်ရိုက်ဆည်၏ အောက်ဘက် ပေ ၅၀၀ ခန့်အကွာ ချောင်းကျဉ်းသည့်နေရာတွင် အလျား ပေ ၂၀၀၊ အမြင့် ခြောက်ပေဖြင့် သစ်ရိုက်ကျောက်ဖြည့်ဆည်အသစ် တည်ဆောက်ခြင်းနှင့် အလျား ပေ ၅၀၀ ရှိသည့် ရေပေးမြောင်းအသစ် တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးဟောင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်တူးဖော်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကွမ်းခြံကုန်းမြို့နယ် ဖီမခိုင်ရိုးချောင်းကို မူလအနက်ရရှိစေရန်အတွက် ပြန်လည်တူးဖော်ပါက မိုးစပါးရာသီ ကွင်းရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့်အပြင် နွေသီးနှံအောင်မြင်စွာ လုံလောက်စွာ သွင်းယူစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကွမ်းခြံကုန်းမြို့နယ် တောကြီးတန်းတိုက်နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးချောင်းကို ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် ခန့်မှန်းဆောင်ရွက်ရမည့်လုပ်ငန်းပမာဏနှင့် လိုအပ်သောရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၇-၂၀၂၈ တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံထားဆဲဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိသည့် အချိန်နှင့်ကိုက်ညီ၍ မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ထပ်မံစိစစ်၍ ရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကိုင်ထောင်ချောင်းတစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တနိုင်းမြို့ပေါ်တွင် ဖြတ်သန်းစီးဆင်းနေသော ကိုင်ထောင်ချောင်း၏ တနိုင်း-မြစ်ကြီးနားလမ်းအောက်ပိုင်း အလျား ၉၅၃၃ ပေ သဲနုန်းတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချောင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်း၏ အထက်ပိုင်းရှိ ကိုင်းထောင်ချောင်းတလျှောက်တွင် လက်ရှိတွင် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး သဲနုန်းတူးဖော်ရှင်းလင်း ဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

ကိုင်ထောင်ချောင်းတစ်လျှောက် ဘေးဝဲယာတွင် ကျောက်စီမြေထိန်းနံရံဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တနိုင်းမြို့နယ် ရပ်ကွက်များ ရေကြီးရေလျှံမှုမှ လျော့ပါးသက်သာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သည့် စိစစ်လေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အပိုင်းများကို ဦးစားပေးသတ်မှတ်ကာ နီးစပ်ရာဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားတင်ပြပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက **“မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းရာ နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)










# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၄**

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း ခေါ် ဦးထိန်လင်း၏ **မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအုပ်စု ဖားအောက်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ရိုက်စက်(X-ray Machine) တစ်လုံးတပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ရိုက်ခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် တပ်ဆင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသသောလူနာများအနက် ဓာတ်မှန်ရိုက်ရန်လိုအပ်ပါက ကိုးမိုင်ခန့်ကွာဝေးသော မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့စစ်ဆေး ဆောင်ရွက်နေရသည့်အတွက် ဖားအောက်တိုက်နယ်ဆေးရုံရှိ သင့်လျော်သည့် အခန်းတစ်ခန်း အလျား ၁၉ ပေ၊ အနံ ၁၃ ပေ၊ အမြင့် ၁၁ ပေကို ဓာတ်မှန်ခန်းအဖြစ်အသုံးပြုနိုင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး 100MA Digital X-Ray Machine တစ်လုံးကို ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် မြင်းကျဒိုးတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း ရပ်ဆိုင်းနေခြင်းကို ပြန်လည်စိစစ်ပြီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အဆိုပါအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်းပြီးစီးမှုအတွက် ရန်ပုံငွေကျပ်သန်း ၂၅၀ ပေးချေခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ကာလမှစ၍ တင်ဒါအောင်မြင်သည့်ကုမ္ပဏီက "ဆောက်လုပ်ရေးပစ္စည်းဈေးနှုန်းများ အဆမတန် ကွာဟလာမှုကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့်" လုပ်ငန်းပြန်လည်အပ်နှံခဲ့ပါသောကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းနှင့် ပေးချေသည့်ရန်ပုံငွေကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိသောလုပ်ငန်းအစိတ်အပိုင်းများကို အပြီးသတ်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ညှိနှိုင်းပေးပို့ခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနက "အဆိုပါလုပ်ငန်းသည် နယ်မြေအခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း" ပြန်ကြားချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၆ ဒသမ ၇၄၀ သန်းကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ရခြင်း ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းကို အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ လုပ်ငန်းပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေထပ်မံလိုအပ်ချက်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နေပြည်တော် ဥက္ကာသီရိကုမ္ပဏီက Oxygen Plant အောက်ဆီဂျင်ထုတ်လုပ်သော စက်တစ်လုံးဌာနပိုင်ဝယ်ယူတပ်ဆင်ခဲ့ရာ အောက်ဆီဂျင်စက်ကို သုံးနှစ်ကျော်အသုံးပြုခဲ့ပြီး စက်ချွတ်ယွင်းမှုကြောင့် ရပ်နားထားသည်မှာ နှစ်နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည့်အတွက် ခန္တီးပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါသဖြင့်ချွတ်ယွင်းနေသောအောက်ဆီဂျင်စက်ကို အမြန်ပြုပြင်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပြည်သူ့ဆေးရုံတွင် ယခုတင်ပြသည့် Oxygen Plant နှင့် မြို့မိမြို့ဖများက လှူဒါန်းထားသော Oxygen Plant တစ်လုံးအပါအဝင် Oxygen Plant နှစ်လုံးရှိပါကြောင်း၊ မြို့မိမြို့ဖများက လှူဒါန်းထားသော Oxygen Plant(OYS-50) ကို ကောင်းစွာအသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် Oxygen ဓာတ်ငွေ့ လီတာ ၄၀ ဆလင်ဒါအိုး ၁၆ လုံးခန့် ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်နေသော Oxygen Plant (Oxymat, O-280)နှင့် ပတ်သက်၍ ဥက္ကာသီရိကုမ္ပဏီ၏ တင်ပြချက်အရ Preventive Maintenance Kit များ လဲလှယ်ခြင်း၊ Air Compressor များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Air Dryer များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Pressure Swing Absorption Zeolite bed စစ်ဆေးလဲလှယ်ခြင်း၊ Oxygen booster စစ်ဆေးလဲလှယ်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဈေးနှုန်းတင်သွင်းလွှာများခေါ်ယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ပထမအကြိမ် အစိုးရလက်ထက်က ခန့်ထားပေးခဲ့သော မျက်စိလက်ထောက်ဆရာဝန်ကို တွဲဖက်ပြန်လည်ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ပြန်လည်ခန့်ထားပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် စေလွှတ်ပေးမည်နှင့် ပြန်လည်ခန့်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားနိုင်သည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဟုမ္မလင်းမြို့ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် တစ်ဦး၊ အထူးကုဆရာဝန်များအနေဖြင့် အထူးကုဆရာဝန် (အရိုး၊ ခွဲစိတ်၊ မေ့ဆေး၊ ဓာတ်မှန်) နှင့် သွားနှင့်ခံတွင်းဆရာဝန်များအား ခန့်အပ်ထားပြီး မျက်စိအထူးကုကို ခန့်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံကို ခရိုင်အဂ်ါရပ်နှင့်ညီညွတ်သည့် ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် ခုတင်-၁၀၀ ဆံ့ သထုံမြို့ ပြည်သူ့ဆေးရုံနှင့်လည်းကောင်း၊ ခုတင်-၅၀၀ ဆံ့ ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးနှင့်လည်းကောင်း မော်တော်ယာဉ်ဖြင့် တစ်နာရီခန့်သာ သွားရပါကြောင်း။

ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် သုံးနှစ်စာအနေဖြင့် တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေ ၃၃ ဦးရှိပြီး လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့ တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအုပ်စု ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံ တစ်ရုံကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့တိုက်နယ်ဆေးရုံကို ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံဖွင့်လှစ်ခွင့် ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကောင်းဘို့တိုက်နယ်ဆေးရုံ တည်ဆောက်ရန်အတွက် အလှူရှင်များက ကွင်းအမှတ်(၄) ကောင်းဘို့မြောက် ဦးပိုင်အမှတ်(၇၂/၁၁၈) မြေဧရိယာ ၃ ဒသမ ၁၃ ဧက လှူဒါန်းခဲ့သော်လည်း ၎င်းမြေဧရိယာအနက် ၂ ဒသမ ၇၂ ဧကသည် ယာမြေဖြစ်ပြီး သုည ဒသမ ၄၁ ဧကသည် လယ်မြေဖြစ်နေသောကြောင့် လယ်မြေ၊ ယာမြေမှ အခြားနည်းသုံးစွဲခွင့်ရရှိရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ရရှိပါက ရပ်စောက်မြို့နယ်၊ ကောင်းဘို့တိုက်နယ်ဆေးရုံအဆောက်အအုံများကို အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားဆောက်လုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်နှစ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးရေးအသင်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်းဖွဲ့စည်းခဲ့ရာ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ မြန်မာ-ဗီယက်နမ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဦးမျိုးမင်းနောင်၊ အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ်အမျိုးသားလွှတ်တော် အမှတ်(၄) ဒေါ်မီမီကျော်ထွန်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်၏အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်လွှတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကိုအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်းအစား ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကိုအစား ဗိုလ်မှူးချုပ်ခင်မောင်စိုးကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေးအစား ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင် အဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်ဝင်းအစား ဗိုလ်မှူးနိုင်ဝင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇေယျာဝင်းအစား ဗိုလ်မှူးဇော်မင်းသိန်းကိုလည်းကောင်း၊ မြန်မာ-ကာဇက်စတန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးတင့်လွင်အေးအစား ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ မြန်မာ-အိန္ဒိယ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေးအစား ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ မြန်မာ-ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူး ဗိုလ်မှူးချုပ်မြင့်သောင်းအစား ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းကိုလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို စက်တင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၄**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိပုစ္ဆကသောဓကသင်္ဂါယနာပဋိသောဓကသကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ သက်တော် ၉၉ နှစ် သိက္ခာတော် ၇၉ ဝါရှိ ချမ်းမြေ့ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲကို သာသနာထုံးစံနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ် ပထမပိုင်း ဒါနသီလဘာဝနာပူဇာနှင့် ပတ္တိဒါနကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေ့ရိပ်သာကျောင်းတိုက်ဝင်း အတွင်း စက်တင်ဘာ ၂၅ ရက်**(ယနေ့)** နံနက် ၁၀ နာရီခွဲတွင် သံဃာတော်များအား နေ့ဆွမ်းကပ်၍ ဧည့်ပရိသတ်တို့ကို နံနက်စာ ထမင်း၊ ဟင်းဘူးများ ဝေငှလှူဒါန်းမည်ဖြစ်သည်။

မွန်းလွဲ၁၂ နာရီခွဲတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာအခမ်းအနားစတင်ကျင်းပမည်ဖြစ်ပြီး အခမ်းအနား၌ ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ကြိုးစားကြပါစို့ဟူသော ချမ်းမြေ့အဓိဋ္ဌာန်နှင့် သတ္တဝါမှန်သရွေ့တရားတွေ့ ချမ်းမြေ့သာယာရှိပါစေဟူသော ချမ်းမြေ့မေတ္တာပို့ဆုတောင်းစုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီးရေးသားထားသော ဘုရား၊ တရား၊ သံဃာရှိခိုးခြင်းအကျဉ်းဖြင့် စုပေါင်းရှိခိုးခြင်း၊ သံဃာတော်များက အနိစ္စာဝတသင်္ခါရာသုံးဂါထာရွတ်ဆို၍ သံဝေဂဉာဏ်ပွားများခြင်း၊ နိုင်ငံခြားသား ယောဂီများက အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါလွှမ်းခြုံပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ခြင်း၊ မဟာထေရဂုဏပူဇာသံဝေဇနီယဂါထာတို့ကို ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကပေးပို့သော သံဝေဂဉာဏ်ပွားကြောင်း သဝဏ်လွှာ၊ ရွှေကျင်နိကာယဗဟိုဌာန၏ သံဝေဂိယကထာသဝဏ်လွှာ၊ သာသနာရေးဝန်ကြီးဌာနကပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတို့ကိုဖတ်ကြားပူဇော်ခြင်း၊ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ သောဋ္ဌသမရွှေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ဘုရားကြီးထံမှ သံဝေဂတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ အပြစ်ရှိက သည်းခံခွင့်လွှတ်ပါရန် ချမ်းမြေ့ဆရာတော်ဘုရားကြီးအား တောင်းပန်ကန်တော့ခြင်း၊ ချမ်းမြေ့ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ပေါ်သို့ ကြွရောက်ပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားခြင်းတို့ကို အစီအစဉ်အတိုင်းကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်သို့ပင့်ဆောင်ရာ၌ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား တပည့်သံဃာတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အစီအစဉ်တကျ ထမ်းရွက်ပင့်ဆောင်ကြမည်ဖြစ်သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် အန္တိမအဂ္ဂိစျာပန မီးသင်္ဂြိုဟ်ပူဇော်ခြင်းအစီအစဉ်ကို ညနေပိုင်းတွင် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK တွင် ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်အရ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ကရဝိက်ဖောင်တော်ပေါ်မှ အစီအစဉ်အတိုင်းပင့်ဆောင်၍ တပည့်သံဃာတော်များက မီးသင်္ဂြိုဟ်ပူဇော်မည့်လောင်တိုက်တော်ကို လက်ယာရစ်သုံးပတ်လှည့်လည်ပင့်ဆောင်ပူဇော်ခြင်း၊ ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်အား အန္တိမအဂ္ဂိစျာပန မီးပူဇော်ခွင့်ပြုပါရန် တောင်းပန်လျှောက်ထားသော အဘိယာစန နိမန္တနဂါထာတော်ကို ဖတ်ကြားပူဇော်ခြင်း၊ တပည့်ကြီးသုံးပါးတို့က စက်ခလုတ်နှိပ်၍ ဆရာတော်ကြီး ဥတုဇရုပ်ကလာပ်တော်အား မီးပူဇော်ချိန်တွင် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက အနိစ္စာဝတသင်္ခါရာ အစချီသော သုံးဂါထာကို ရွတ်ဆိုပူဇော်၍ သံဝေဂဉာဏ်ပွားများခြင်း၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီး၏ အရိုးဓာတ်ပြာများကို စောင့်ယူပင့်ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက မိတ္ထီလာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်ရှိ သီးကုန်းကျေးရွာသို့ရောက်ရှိပြီး မုန်တိုင်ရေလှောင်တမံမှ မိတ္ထီလာကန်အတွင်း ရေကူးဖြည့်တင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြာကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနကကြီးကြပ်၍ တောင်သူများ စိုက်ပျိုးထားသည့် မကွေး(၁၆)မျိုးသန့်မျိုးပွားမျိုးစေ့ထုတ် မြေပဲစိုက်ခင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများနှင့် တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုးမြေပဲများရိတ်သိမ်းပြီးပါက သီးထပ်စိုက်ပျိုးရန်အတွက် ဆင်းရွှေကြာ(၂)နေကြာမျိုးစေ့များကို တောင်သူများထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့မရပ်ကွက်ရှိ ဖောင်တော်ဦးရင်ပြင်တော် တန်ဆောင်းတွင် ကျင်းပနေသည့် သမိုင်းဝင်ကရဝိက်ဖောင်တော်ဦးစေတီတော် ၁၄၃ ကြိမ်မြောက်ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို ကြည့်ရှုအားပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာခရိုင် အားကစားကွင်းသို့ရောက်ရှိပြီး မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် ထီလာမောင်ဖလားအမျိုးသား အလွှတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တံခွန်စိုက်ဆုဖလားရရှိခဲ့သည့် သာစည်မြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

**❖ ဖလမ်းမြို့မှ**

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က မူလတန်းကြိုကျောင်းကလေးများကို အာဟာရများတိုက်ကျွေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုအခါ ချင်းပြည်နယ်အတွင်း ဟားခါးမြို့၊ တီးတိန်မြို့၊ ဖလမ်းမြို့တို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် တိုက်တွန်းလိုပါကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၈ ကျောင်းအတွက် ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် မူလတန်းကြိုကျောင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများ၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့်အလှူငွေများကို ဒုတိယဝန်ကြီး၊ပြည်နယ်ဝန်ကြီးနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးတို့က ပေးအပ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဖလမ်းမြို့ နေရပ်ပြန်ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားဘဝများ တဖြည်းဖြည်းပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ယခင်က မူလတန်းကြိုကျောင်း သုံးကျောင်းရှိခဲ့ပြီး ယခုအခါ မူလတန်းကြိုကျောင်း နှစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာ နှစ်လုံး ပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာနှင့် ရုံးအဆောက်အအုံပြုပြင်နေမှု၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး အဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာစာသင်ကြားနေမှု ကြည့်ရှုပြီး အားပေးစကားပြောကြားကာ စာသင်ဆောင် အဆောက်အအုံပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**❏ တွန်းဇံမြို့မှ**

သတင်းအချက်အလက်စီးဆင်းမှု မပြတ်တောက်စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရသည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်ခရိုင် တွန်းဇံမြို့တွင်လည်း ဆက်သွယ်ရေးကွန်ရက်သုံး(MPT) ဖုန်းလိုင်းများ ပြန်လည်ရရှိရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဝန်ထမ်းများက စက်ပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် စက်တင်ဘာ ၂၃ ရက်မှစ၍ MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြုဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့၊ တွန်းဇံမြို့တို့သို့ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့်သယ်ယူပို့ဆောင်ခဲ့ပြီးနောက် တွန်းဇံမြို့တွင် စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ MPT ဆက်သွယ်ရေး ကွန်ရက်လိုင်းများ ပြန်လည်ရရှိပြီဖြစ်သဖြင့် ဒေသခံတွန်းဇံမြို့သူမြို့သားများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၄**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့် အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ရွှေနံ့သာ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ငန်းစပ်) ဒက္ခိဏသီရိမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) (မန်ကျီးကုန်း)၊ တပ်ကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဒဟတ်ကုန်း)နှင့် အခြေခံပညာအထက်တန်းကျောင်း (အလယ်ကျွန်း)ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များ မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကို လည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ ဒီကိုလာရောက်တာကတော့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ဒဟတ်ကုန်း)နဲ့ ပြီးတော့ အခြေခံပညာ အထက်တန်းကျောင်း



(အလယ်ကျွန်း)တို့က ကျောင်းသား၊ ကျောင်းသူတွေနဲ့ လာရောက်ပြီးတော့ လေ့လာရေးခရီးထွက်တာ ဖြစ်ပါတယ်။ ကလေးတွေရဲ့ဘဝမှာ စာတွေနဲ့တင် မဟုတ်ဘဲနဲ့ ကိုယ်ပိုင်လက်တွေ့ဘဝကိုလဲ လာရောက်လေ့လာခြင်းအားဖြင့် သူတို့အတွက် အကျိုးတွေအများကြီး ရရှိမယ်ထင်လို့ ကျွန်မတို့ကနေပြီးတော့ဆက်သွယ်လာတာကို ကျေးဇူးတင်စွာဖြင့် လက်ခံပြီးတော့ လာရောက်ခြင်းဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ကျတော့ စာအုပ်ထဲမှာပါတဲ့ စာလေးတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ သင်သလောက်ကိုပဲ သူတို့ရရှိခဲ့ကြတယ်။ အခုလိုမျိုး လာရောက်လိုက်တဲ့အခါကျတော့ ကလေးတွေကနေပြီးတော့ ဌာနဆိုင်ရာကနေ ရှင်းပြတဲ့ဟာဆို သူတို့ဘဝအတွက် ပိုမိုထိရောက်ပြီးတော့ ကိုယ့်ရဲ့နိုင်ငံမှာ ဘယ်လိုသမိုင်းတွေရှိခဲ့တယ် ဘယ်လောက်တောင်အရေးပါခဲ့တယ်ဆိုတာတွေကို ပိုပြီးတော့ သိရှိသွားမယ်လို့ ထင်မိပါတယ်ရှင်"ဟု ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဒီစစ်သမိုင်းပြတိုက်ကို လာရောက်ရတဲ့အတွက်ကြောင့် ပြတိုက်အတွင်းမှာရှိတဲ့ မြန်မာနိုင်ငံရဲ့ စစ်သမိုင်းနဲ့ သက်ဆိုင်တဲ့မှတ်တမ်းတွေ၊ သမိုင်းဝင်ပစ္စည်းတွေ၊ စစ်လက်နက်အသုံးအဆောင်ပစ္စည်းတွေ၊ စစ်သုံးယာဉ်၊



လေယာဉ်တွေနဲ့ အရေးကြီးပုဂ္ဂိုလ်တွေအကြောင်းကို သိရှိခဲ့ရပါတယ်ခင်ဗျ။ အဲ့ဒီပစ္စည်းတွေကို ကြည့်ရှုရင်းနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အတိတ်ကာလ စစ်သမိုင်းအကြောင်းတွေကိုလဲ နားလည်သဘောပေါက်ခဲ့ပါတယ်ခင်ဗျ" ဟုပြောသည်။

(၅၀၁)



○ ဂုဏ်ပြုကြိုဆိုပွဲမှ

ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့်သာစည်မြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၌ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက် ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ် အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားများပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ထူးချွန်ကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ပိုင်းတွင် နယ်မြေခံရေတပ်စခန်းဌာနချုပ်၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ နှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက် ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူး ရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ဦးရေ ၂၀ တို့ကို ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိ သူများက ဂုဏ်ပြုဆုနှင့်ဂုဏ်ပြုမှတ်တမ်း လွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ (ဗဝ၁)

# ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း မြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင် တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့်(၁၁/၇)ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်း တာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာ အနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာ များ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန် အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂ / ၂) ပေ ၅၀၀ နှင့်(၁၂ /၃)ကြားတွင် မြစ်ကမ်း ထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား ပေ ၃၀၀ ပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေတုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ်(၁၁/ ၅) နှင့်(၁၁/ ၆) ကြား တွင် ယာယီပန်းတာတည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူ အင်အား၊ စက်ယန္တရားများဖြင့် အင်တိုက် အားတိုက်အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှု ကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်ကြစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာန ဆိုင်ရာများက ရေပြန်လည်ကျဆင်းသွားခဲ့သည့်နေရာများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း မှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုး အင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်း ဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင် ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ရေကြည်၊ကျုံပျော်၊ကျောင်းကုန်း မြို့နယ်တို့ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာ အချို့တွင် ယနေ့ထိ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက် မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ ငဝန်ပန်းတာ ရေဝင်လမ်းကို Geobags အိတ်များချ ခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ် များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များ တောင့်တင်းခိုင်မာစေရန် အတွက် Geobags အိတ်များချခြင်း၊ Jumbo Bag အိတ်များချခြင်းလုပ်ငန်း များကို လူအင်အား၊ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက်အရှိန် အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့ သည့် မြို့ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင် များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများကို ထမင်းဘူး များ၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (ဗဝ၁)

# ၅၅ ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၄**

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ(ယူပီယူ)တည်ထောင်သည့် ၁၈၇၄ ခုနှစ် အောက်တိုဘာ ၉ ရက်မှစ၍ နှစ်စဉ် အောက်တိုဘာ ၉ ရက်ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ် အခမ်းအနားများကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ပါဝင်ကျင်းပလျက်ရှိပါသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှစတင်၍ အသက် ကိုးနှစ်ပြည့်ပြီး အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို ကမ္ဘာတစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင် ၅၅ ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော အသက် ကိုးနှစ်ပြည့်ပြီး အသက် ၁၅ နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲဝင်ရမည့် ခေါင်းစဉ်မှာ "Write a letter to a friend about why human connection matters in a digital world."(ဒစ်ဂျစ်တယ်ကမ္ဘာကြီးတွင် လူသားအချင်းချင်း ဆက်သွယ်မှုသည် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်းကို သူငယ်ချင်းတစ်ဦးထံသို့ ပေးစာတစ်စောင်ရေးသားရန်)ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ရရှိလာသည့် ပြိုင်ပွဲဝင်စာမူ ၄၀၃ စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် စစ်တွေမြို့ အ-ထ-က (၄) Grade-8 မှ မပြုံးသက်ပိုင်ထွန်းကလည်းကောင်း၊ ဒုတိယဆုကို နေပြည်တော် ပျဉ်းမနားမြို့ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မစုမြတ်နဒီကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး (အနောက်)ပေါင်းတည်မြို့နယ် အ-လ-က(ခွဲ)-မှတ်တိုင်လမ်း Grade-6 မှ မဖြိုးရတနာဇော်ကလည်းကောင်း၊ အထူးဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့ အ-ထ-က(၆) Grade-9 မှ မအေးယမုံသွယ်တို့ကလည်းကောင်း ရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။ အဆိုပါအကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရစာမူကို ယူပီယူမှကျင်းပသည့် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ထားပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပထမဆု**



- အမည် - မပြုံးသက်ပိုင်ထွန်း
- အဘအမည် - ဦးအေးထွန်း
- အမိအမည် - ဒေါ်သန်းသန်းဌေး
- အတန်း - Grade-8
- ကျောင်းအမည် - အ-ထ-က (၄) စစ်တွေမြို့၊ ရခိုင်ပြည်နယ်

**ဒုတိယဆု**



- အမည် - မစုမြတ်နဒီ
- အဘအမည် - ဒေါက်တာအောင်နိုင်ဝင်း
- အမိအမည် - ဒေါ်နန်းဆိုင်းခမ်း
- အတန်း - Grade-6
- ကျောင်းအမည် - ပညာပန်းတိုင်ကိုယ်ပိုင် အထက်တန်းကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်

**တတိယဆု**



- အမည် - မဖြိုးရတနာဇော်
- အဘအမည် - ဦးသန်းဇော်
- အမိအမည် - ဒေါ်သီတာအေး
- အတန်း - Grade-6
- ကျောင်းအမည် - အ-လ-က(ခွဲ)-မှတ်တိုင်လမ်း ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)

**အထူးဆု**



- အမည် - မအေးယမုံသွယ်
- အဘအမည် - ဦးအာကာမြင့်
- အမိအမည် - ဒေါ်သန္တာသိမ့်
- အတန်း - Grade-9
- ကျောင်းအမည် - အ-ထ-က(၆) မော်လမြိုင်မြို့၊ မွန်ပြည်နယ်

---

◆ **အာရှအားကစားပြိုင်ပွဲမှ**

အားကစားပြိုင်ပွဲတစ်ခုဖြစ်သလို အိုလံပစ်အားကစားပြိုင်ပွဲပြီးရင် အကြီးမားဆုံးအားကစားပြိုင်ပွဲလဲဖြစ်ပါတယ်။ အာရှပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကိုလဲ အားသွန်ခွန်စိုက်နဲ့ ကျော်ဖြတ်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ပြီးခဲ့တဲ့ ကမ္ဘာ့ Esports အားကစားပြိုင်ပွဲမှာလဲ Mobile Legends: Bang Bang(MLBB) အားကစားနည်းမှာ ကမ္ဘာ့အဆင့် ဒုတိယရရှိခဲ့တာကြောင့် အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ်မျှော်မှန်းထားသလို Honor of Kings (HOK) အားကစားနည်းနဲ့ ဆုတံဆိပ်ရဖို့လဲ မျှော်မှန်းထားပါတယ်။ အခုလို သွားရောက်ယှဉ်ပြိုင်ခွင့်ရအောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ အားကစားရေးရာဝန်ကြီးဌာနက တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ”ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၄ ရက်ထိ ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းမှ Mobile Legends: Bang Bang(MLBB) ပြိုင်ပွဲဝင်အသင်းသည်လည်း ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် Team Zanaka အသင်းကို KBZPay၊ U9၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပါဝင်ကူညီထောက်ပံ့ပေးထားကြောင်း သတင်းရရှိသည်။

**သစ္စာ(MNA)**

---

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၄**

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၇၁၇၉ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ၂၄-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၃ ~ ၃၆၇၀ | ၅၅၈.၁ ~ ၅၅၈.၇ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၃,၉၇၂,၄၄၉.၂၅ | ၁၁,၂၇၃,၁၂၂.၃၀ | ၅၅,၀၅၉,၉၄၅.၉၅ | ၁,၀၄၄,၄၅၀.၀၀ |

---

## ✱ အားကောင်းသောမုန်တိုင်းငယ်မှ

ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ် (Deep Depression)သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရပါသည်။

**(မိုး/ဇလ)**

---

## ထူးခြားသည့် နေ့အပူချိန်များ (၂၄ - ၉ - ၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | ခန္တီး | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ကသာ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

---

## ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၃၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့်




ရန်ကုန် စက်တင်ဘာ ၂၄

စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်ကကျင်းပခဲ့သည့် Singapore Red Cross Awards Ceremony အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်းက "Distinguished Friend of Singapore Red Cross Award" ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဆုကို စင်ကာပူနိုင်ငံသမ္မတနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သူ His Excellency Mr. Tharman Shanmugaratnam က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့် တက်ရောက်လက်ခံရယူခဲ့သည်။

ယခုဂုဏ်ပြုဆုသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်းတို့ကြား ရေရှည်တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ပံ့ပိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **စိတ်ကြွဆေးပြားမှ**

ရတနာပုံရပ်ကွက်နေ စိုးနိုင် ၅၀ နှစ်တို့သုံးဦးထံမှ စိတ်ကြွဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၂၂၅၀) ဖမ်းဆီးရမိသဖြင့် မရီရီဝင်း၊ သန်းနိုင်၊ စိုးနိုင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ မိုးညှင်းမြို့နယ် နန့်စီးအောင်ရွာအနီးတွင် ကသာမြို့နယ် စေတီကုန်းရွာနေသူများဖြစ်သည့် အောင်မင်းခိုင် ၃၄ နှစ် မောင်းနှင်ပြီး ကျော်သိန်းလှိုင် ၁၉ နှစ် လိုက်ပါလာသော သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦးသယ်ဆောင်လာသည့် ဘိန်းစိမ်း ကီလို ၃၀ (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိခဲ့ပြီး ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗန်းမောက်မြို့နယ် ခမိုးရွာနေ မိုးလှိုင် ၄၉ နှစ် မောင်းနှင်လာသော CANDA 125 အမျိုးအစား ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၄၈၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၂၆ ဒသမ ၇ သိန်း) နှင့် မြန်မာငွေကျပ် ငါးသိန်းတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် အောင်မင်းခိုင်၊ ကျော်သိန်းလှိုင်နှင့် မိုးလှိုင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အသီးသီးအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မိုးလှိုင်ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# အမျိုးသမီးငယ်များ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် ၂၀ ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသမီးငယ်များ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ချမှတ်ပြီး တိမ်းရှောင် တရားခံ မိုးမိုးအောင် ခေါ် မမိုးနှင့် မဖြူ ခေါ် အဖြူတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဓနီကုန်းကျေးရွာ (၂၄) ရပ်ကွက်နေ အမျိုးသမီး နှစ်ဦးကို တစ်ရွာတည်းနေ မိုးမိုးအောင် ခေါ် မမိုး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သုခ(၂) ရပ်ကွက်နေ ခက်ခက် ခေါ် နီနီဝင်း ခေါ် မနီနှင့်ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁) ရပ်ကွက်နေ မဖြူ ခေါ် အဖြူတို့က တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၉၀/၁၀၀ ရရှိမည်၊ I Phone လည်းကိုင်ရမည်၊ အေးဆေးနေထိုင်ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရွှေမန္တလာ ခရီးသည်တင် မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်းက (ပ)၄၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးက ဖမ်းမိတရားခံ ခက်ခက် ခေါ် နီနီဝင်း ခေါ် မနီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀ ကျခံစေရန်အမိန့် ချမှတ်ခဲ့ပြီး တိမ်းရှောင် တရားခံ မိုးမိုးအောင် ခေါ် မမိုးနှင့် မဖြူ ခေါ် အဖြူတို့ နှစ်ဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသည့် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Xu Fang ဦးစီး၍ အရာရှိ၊ စစ်သည်များကို တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သစ်အယ်ပင်-ထယ်သွန်း လမ်းတွင် ၁၉၈၅ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၃၈၃၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်သီးနှံများ ရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူလာမည်ဖြစ်သဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

**အိမ်ပြင်ပဉ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မိတ်အင် ပြည်ချစ်မောင်

နွေကုံကော်(မြို့လှ)



(၁)

ဤဇာတ်လမ်းတွင် ဆောက်လုပ်ရေးကုမ္ပဏီ ပိုင်ရှင် သူဌေးကြီး ဦးတိုးမောင်၊ သူ၏လူယုံ ဦးမျိုးကျော်၊ ဦးမျိုးကျော်၏ လက်ထောက် ဦးမြင့်သန်း။ နယ်ရုံးခွဲမှ ဦးဝင်းအောင်ထွန်းနှင့် သူ၏လက်ထောက် အငယ်တန်းစာရေး မိုးကျော် တစ်ဖြစ်လည်း စာရေးဆရာ မိုးကျော်နေ (ကျွန်တော်) တို့ အဓိကပါဝင်ကြလေသတည်း။

အကယ်၍သာ သူဌေးလိုလားချက်ဖြစ်သည့် နှစ်ပတ်လည်မဂ္ဂဇင်းစာအုပ်သာ မထုတ်ဖြစ်ခဲ့ပါလျှင် သို့မဟုတ် စာအုပ်တာဝန်ခံအဖြစ် ကျွန်တော် မိုးကျော်ဆီသာမရောက်ခဲ့ပါလျှင် ဤ "မိတ်အင်ပြည်ချစ်မောင်" အကြောင်းလည်း ပေါ်ထွက်လာနိုင်မည်မဟုတ်ပါချေ။

(၂)

မဂ္ဂဇင်းစာအုပ် ဖြစ်မြောက်ရေးအတွက် ညွှန်ကြားချက်ရလာချိန်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌရွေးကောက်ပွဲတို့က တိုက်ဆိုင်နေသည်။ ဘောလုံးပွဲဝါသနာပါသူ မိုးကျော်အတွက် ဘောလုံးပွဲများမှအစ ဖီဖာဥက္ကဋ္ဌရွေးချယ်တင်မြှောက်ခြင်းမှသည် အာဆီယံတွင်းဥက္ကဋ္ဌအသစ်များပေါ်ထွန်းခြင်းထိ စိတ်ဝင်စားသူဖြစ်သည်။

မိုးကျော်တို့ငယ်စဉ်က ဆပ်ဘလတ္တာဟူသည့် ဘောလုံးဥက္ကဋ္ဌကြီးမှာ ဆယ်စုနှစ်များစွာ ထိုင်ခုံထိုင်သွားခဲ့သည်မို့ သူ့ကို မှတ်မှတ်ထင်ထင်ရှိနေသည်။ သူသည်လည်း နိဂုံးချုပ်မကောင်းခဲ့၊ လာဘ်စားမှုများနှင့်ပဲ ဇာတ်သိမ်းရသည်။

အခုရောက်လာမည့် ဖီဖာဥက္ကဋ္ဌအသစ်သည်လည်း မည်သို့လာမည်မသိ။ သို့သော်ငြား သက်ဆိုင်ရာ တိုက်ကြီးများအလိုက် အဖွဲ့ချုပ်များ၊ တာဝန်ရှိသူများကတော့ ရွေးရပေဦးမည်။ တော်သေးသည်။ မိုးကျော်တို့နှင့်မဆိုင်သောကြောင့် ဆိုင်၍ ရွေးများရွေးရလျှင် ဘယ်သူ့ကိုပေးရမှန်းမသိ။ ကိုယ်ကြိုက်၍ ရွေးပေးလိုက်သူကြီးက ရှေ့လူများ လမ်းစဉ်လိုက်လျှင်ဖြင့် ကိုယ်ပါတာဝန်မကင်း။ ယခုတော့ လတ်တလောဟော့နေသည့် ဖီဖာဥက္ကဋ္ဌသစ်ခန့်အပ်ခြင်းထက် မဂ္ဂဇင်းစာအုပ် ထုတ်ဝေမည့်ကိစ္စက အရေးတကြီးဖြစ်လာသည်။

ဇာတ်လမ်း၏အစက ပူပူနွေးနွေး သူဌေးအသစ်က စလေသည်။ မျိုးရိုးအလိုက်တွက်လျှင် ငါးဆက်မြောက် သူဌေးတာဝန်ကိုထမ်းဆောင်ရသည့် သူဌေး ဦးတိုးမောင်။

ထိုသူဌေးကို အနီးကပ် အကြံပေးရသူက အနီးကပ်လူယုံ ဦးမျိုးကျော်။ ဦးမျိုးကျော်ကို တာဝန်ခံရသူက မန်နေဂျာတာဝန်သာမက စက်မှုတာဝန်ခံတစ်ဖြစ်လည်း လျှပ်စစ်ခလုတ်အပေါင်းနှင့် အနုတ်ကိုပင် အဖို အမ ခွဲရခက်သူ ဦးမြင့်သန်း။

ဦးမြင့်သန်း၏အရည်အချင်းက ထိုမျှမကသေး။ ဟစ်တလာနှင့် မူဆိုလီနီ ကွဲကွဲပြားပြားမသိ။ ဂျိမ်းစဝပ်နှင့် ဟင်နရီဖို့ဒ်ကို လွဲရုံမက ရုံဖန်ရံခါ လီကွမ်ယုနှင့် ဟိုချီမင်းပါ နိုင်ငံပြောင်းပေးသေးသည်။ သို့သော် ထိုပုဂ္ဂိုလ်၏ ရာထူးကားမသေး။ ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ။

(၃)

"မိုးကျော်ရေ မင်းအတွက် အလုပ်သစ်ပါလာတယ်ကွ"

လတ်တလောစုံစီနဖာတွေပင်မပြီးသေး။ အလုပ်သစ်ဆိုတော့ ရုံးခွဲတာဝန်ခံ ဦးဝင်းအောင်ထွန်းဆီမှ စကားက စောစောစီးစီး သက်ပြင်းကိုချမိစေ၏။

"ဘာများလဲဆရာ"

"တို့သူဌေးအသစ်က သူ့ကုမ္ပဏီအတွက် အထိမ်းအမှတ် မဂ္ဂဇင်းစာအုပ်တစ်အုပ် ထုတ်မလို့တဲ့"

"ဟား ကောင်းတာပေါ့ဆရာရယ်၊ သူဌေးက စာပေကိုစိတ်ဝင်စားသားပဲဗျ"

"အေး အဲဒါကြောင့်ပဲ နယ်စက်ရုံတာဝန်ခံတွေထဲမှာ စာပေနဲ့ပတ်သက်ပြီး ပုံနှိပ်လုပ်ငန်းနီးစပ်တဲ့ ငါနဲ့ မင်းလိုစာရေးဆရာကို မန်နေဂျာကြီး ဦးမြင့်သန်းက သတိရပြီး ဟုတ်ကဲ့ပါသူဌေးလုပ်လိုက်လို့ မင်းနဲ့ငါ့အပေါ် တာဝန်ကျလာတယ်"

"လုပ်မယ်ဆရာ ကိုယ့်ဝါသနာနဲ့ကိုက်တာပဲ"

သတင်းထူးရသည့် ထိုနေ့မှစ၍ မူလရုံးလုပ်ငန်းတာဝန်အပြင် မိမိတို့ကုမ္ပဏီ ၁၅ နှစ်ပြည့် အထိမ်းအမှတ်အတွက် အပိုဆောင်းတာဝန်ကိုပါ အငယ်တန်းစာရေးရာထူးယူထားသည့် မိုးကျော်တစ်ယောက် ပူးတွဲထမ်းဆောင်ရလေတော့သည်။

"မိုးကျော်ရေ မဂ္ဂဇင်းထုတ်ဝေရေးအစည်းအဝေးတဲ့၊ လိုအပ်တာတွေ ပြင်ဆင်ပြီး ငါနဲ့အတူ ရုံးချုပ်ကိုလိုက်ခဲ့ပါ"

ကနဦးညွှန်ကြားချက်ရအပြီး သုံးရက်အကြာတွင် ရန်ကုန်မြို့တော်ဆီ ဆရာဦးဝင်းအောင်ထွန်းနှင့် မိုးကျော်တို့နှစ်ဦး စီမံချက်များကိုင်ဆောင်လျက် ချီတက်ခဲ့ကြ၏။

တကယ်တမ်း အစည်းအဝေးမှာတော့ သူဌေးကိုယ်တိုင်မပါ။ နေပြည်တော်သို့ လုပ်ငန်းရှင်များအစည်းအဝေး သွားတက်ကြောင်း သိရသည်။ ဦးမျိုးကျော် ဦးစီးလုပ်သည့်ပွဲဖြစ်၏။ ဦးမျိုးကျော်က မိတ်ဆက်လောက်သာပြောပြီး ဦးမြင့်သန်းဆီ လွှဲပေးလိုက်သည်။

"ကျွန်တော်တို့ ကုမ္ပဏီနှစ်ပတ်လည်က လာမဲ့မေ ၁၅ ရက်မှာ ရောက်မယ်ဆိုတာ အားလုံးလဲ သိပြီးသားပါ။ အခု ဒီဇင်ဘာ နောက်ဆုံးပတ်ဆိုတော့ ငါးလအချိန်ရပါသေးတယ်"

စပြီ။ လွှဲပြီ။ တာထွက်ကတည်းက စမှားနေပြီကို မိုးကျော် သဘောပေါက်လိုက်ချေပြီ။ မန်နေဂျာ ဦးမြင့်သန်း ဘာထပ်ပြောမလဲ နားထောင်ကြည့်လိုက်သည်။ သူတို့စီမံချက်နဲ့ သူတို့တော့ ဟုတ်နေပုံရသည်။

"ကျွန်တော်တို့ နယ်ရုံးခွဲကုမ္ပဏီဝန်ထမ်းတွေဆီက စာမူတွေလဲယူမယ်။ သူတို့လဲ ကုမ္ပဏီနဲ့ပတ်သက်ပြီး အမှတ်တရအတွေ့အကြုံတွေရှိမှာပဲ။ နံပါတ် (၁) ပြောချက်တာက စာမူစုဆောင်းရေးပေ့ါဗျာ။ ပြီးရင် ရုံးချုပ်က ကဏ္ဍအလိုက် မန်နေဂျာတွေ၊ ဦးစီးအဖွဲ့တွေက စာမူဖတ်သူဖတ်၊ ပုံနှိပ်ရေးလုပ်သူလုပ်၊ ဖြန့်ချိသူက ဖြန့်ချိသူအပိုင်းပေ့ါ။ အဲကြော်ငြာကတော့ အထွေအထူးမလိုဘူးဗျာ။ ကျုပ်တို့ကုမ္ပဏီကပင်တိုင်ဖြစ်မယ်။ နောက်ပြီး မိတ်ဖက်ညီနောင်ကုမ္ပဏီတွေလဲ ထည့်မယ်။ ကျွန်တော်ကတော့ ဒီလောက်ပါပဲ။ အဖွဲ့လိုက် တင်ပြလို့ရပါပြီ"

မန်နေဂျာကြီးက အဖွဲ့လိုက်တင်ပြရန်ဆိုသည်။ ထပြီး ဆွေးနွေးတင်ပြကြ၏။ လက်တွေ့မပါသေးသော စာရွက်ပေါ်မှ စီမံချက်များသာ။ သူ့ဆရာ ဦးဝင်းအောင်ထွန်း အလှည့်ရောက်သည်။

"မေလအမီထုတ်မယ်ဆိုရင်တော့ အချိန်တအားကပ်သွားပါပြီ။ ဖေဖော်ဝါရီလကုန်ထိ စာမူတွေတောင်းထားတာကို ဇန်နဝါရီလကုန်ပေးဖို့ ထပ်မှာရပါမယ်။ ပုံနှိပ်တိုက်တို့ရဲ့သဘောက အနည်းဆုံး နှစ်လအချိန်ယူရပါမယ်။ ရရှိပြီးတဲ့စာမူတွေကို စာပေရှုထောင့်ရသအရ ကောင်းအောင် ကျွန်တော်နဲ့ဒီက ကျွန်တော့စာရေးက လုပ်ပေ့ါမယ်။ ကျန်တာတော့ သူကပဲ အသေးစိတ်ဆွေးနွေးပါလိမ့်မယ်"

"နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်မယ်ဆိုတာသိရကတည်းက ကျွန်တော်တို့ကုမ္ပဏီနဲ့ပတ်သက်ပြီး ရင်းနှီးသိကျွမ်းနေတဲ့ ဒေသခံစာရေးဆရာတွေကို စာမူတွေ ရေးသားပေးဖို့ အကူအညီတောင်းထားပါတယ်။ သူတို့ရေးတဲ့စာနဲ့ ဝန်ထမ်းတွေရေးတဲ့စာက မတူပါဘူး။ စာပေရသအရ တန်ဖိုးရှိတဲ့စာ၊ ဖတ်သူနှစ်သက်တဲ့စာဖြစ်ဖို့ဆိုရင် ဝန်ထမ်းတွေချည်းပဲ ရေးတဲ့စာထက် ပြင်ပစာရေးဆရာတွေရဲ့ စာမူကောင်းတာတွေ မဂ္ဂဇင်းမှာပါသင့်ပါတယ်၊ ဒါက တစ်ချက်ပါ"

မန်နေဂျာများနှင့် လုပ်ငန်းခွဲအလိုက်မှ ဦးစီးအရာရှိများမှာ မကြားဖူးသည့်ဘာသာရပ်တစ်ခုကို နားထောင်နေရသည့်သဖွယ် အထူးအဆန်းဖြစ်နေကြသည်ကို သူတို့မျက်ဝန်းများက သက်သေထူနေကြသည်။ မှတ်စုစာအုပ်များထဲလည်း မှတ်သားနေကြ၏။ ဒီတစ်ခါ အစည်းအဝေးကတော့ တန်ပေသည်။ ပုံမှန်ဆို ကိုယ်ကသာ နားထောင်မှတ်သားသူဖြစ်ခဲ့ရသည်ကိုး။ သူတို့တွေခမျာ မမှတ်လို့လည်းမဖြစ်။ သူဌေးကို ပြန်လည်အစီရင်ခံကြရန် တာဝန်ရှိသေးသည် မဟုတ်လား။

"နောက်တစ်ခုကတော့ စောစောက ဆရာဦးဝင်းအောင်ထွန်းပြောတဲ့အချိန်ပါပဲ။ ကျွန်တော် ပုံနှိပ်တိုက် နှစ်ခုကို ဆက်သွယ်မေးမြန်းထားပါတယ်။ တစ်တိုက်က ကျွန်တော်တို့လိုချင်တဲ့အချိန်အတိုင်း လုပ်ပေးဖို့ခက်ပါတယ်။ ဒီဇိုင်းဆရာကလဲ ပြောဆိုလုပ်ကိုင်ရခက်တယ်လို့ သိရပါတယ်။ ကုန်ကျစရိတ်လဲ သူ့ဆီမှာဆို တခြားထက်များတယ်လို့ အနီးစပ်ဆုံး မဂ္ဂဇင်းထုတ်ထားတဲ့ ဌာနဆိုင်ရာတချို့ဆီကနေ သိရပါတယ်။ နောက်တစ်တိုက်ကတော့ ကျွန်တော်နဲ့ ခင်မင်တဲ့စာရေးဆရာတစ်ယောက်ရဲ့ ပုံနှိပ်တိုက်ပါ၊ သူဆိုရင်တော့ လက်ရာဒီဇိုင်းလဲကောင်းသလို စိတ်လဲရှည်ပါတယ် ပြောရဆိုရ အဆင်ပြေပါမယ်။ ဒီမှာ ကျွန်တော်ယူလာတဲ့ မဂ္ဂဇင်းပုံစံ သုံးအုပ်နမူနာပါ၊ ကျွန်တော့် မိတ်ဆွေပုံနှိပ်တိုက်ကပါ"

"နောက်ပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ဟာသ ဘယ်နှပုဒ်စီနဲ့ စာမူခနှုန်းထား ဘယ်လောက်ချီးမြှင့်မလဲ ဒါတွေလဲ ဆုံးဖြတ်ပေးဖို့လိုပါတယ်"

"ပုံနှိပ်ခ ဘယ်လောက်ကျနိုင်မလဲ"

ဦးမျိုးကျော်က မေးလာ၏။

"ဒါကလဲ ကြိုပြောလို့မရသေးပါဘူးခင်ဗျ၊ စာမျက်နှာဘယ်လောက် ထွက်လာမလဲ၊ အဲဒီစာမျက်နှာထဲမှာမှ ရိုးရိုးအဖိုးစာရွက်အသားမဟုတ်ဘဲ စာရွက်အကောင်းစားနဲ့ ဓာတ်ပုံတွေ၊ ကြော်ငြာတွေ ရှိလာမယ်ဆိုရင် အဲဒီစာရွက်ဈေးကသက်သက်ပါ မတူပါဘူး။ ဒါကြောင့် စာမူတွေမြန်မြန်စု မြန်မြန်အတည်ပြု ဒါတွေလုပ်ပေးပြီးမှ ပုံနှိပ်တိုက်ကကုန်ကျမှုနဲ့ အချိန်ကိုပြောနိုင်မှာပါ။ ကျွန်တော်တို့ဆီက စောနိုင်သမျှ စောပေးနိုင်မှ သူတို့ကလဲ ဒီဇိုင်းဆွဲတာ ပန်းချီအပ်တာတွေဆက်လုပ်နိုင်မှာပါ"

မိုးကျော်ရှင်းပြမှုကြောင့် သူတို့အတော်အသင့် ဇာတ်ရည်လည်သွားကြသည်။ အားလုံးဆွေးနွေးပြီးသည့်နောက် ချက်ချင်းပဲ အတည်ပြုချက်ရသည်။ စာမူများကို ဇန်နဝါရီလကုန်အပြီးပို့ရေး၊ ရောက်ရှိစာမူများကို ကြိုတင်ဖတ်ရှုထားပြီး ကောင်းနိုးရာရာ စာမူများ ရွေးချယ်ထားရေး၊ စာမျက်နှာ ၁၅၀ မှ ၂၀၀ အတွင်း မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် ကဏ္ဍစုံစာမူများ သင့်တော်သလိုပြင်ဆင်ထားရေး၊ ဖေဖော်ဝါရီလကုန် စာမူများကို ပုံနှိပ်တိုက်သို့ပေးပို့ရေး စသည့် ဆုံးဖြတ်ချက်များကို မှတ်သားကာ သူတို့ဆရာတပည့်နှစ်ယောက်ပြန်ခဲ့ကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် ရေဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မည်



**အဘူဂျာ စက်တင်ဘာ ၂၄**

နိုင်ဂျီးရီးယားနိုင်ငံ လာဂို့စ်မြို့တွင် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့်လည်း ရင်ဆိုင်နေရသည့်အတွက် ရေဘေးအန္တရာယ် ကာကွယ်ရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်ကို ယခုနှစ်အတွင်း စတင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၇ ခုနှစ် မိုးရာသီကာလတွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ရည်ရွယ်၍ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"လာဂို့စ်မြို့ဟာ မိုးရာသီကာလရောက်တိုင်း ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်ရတဲ့မြို့ဖြစ်ပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရတယ်။ လာဂို့စ်မြို့ရဲ့ မြေမျက်နှာသွင်ပြင်အနေအထားအရ ကုန်းနိမ့်ပိုင်းဖြစ်တဲ့အတွက် မိုးအနည်းငယ်ရွာတာနဲ့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်တယ်။ ဒါကြောင့် လာဂို့စ်မြို့မှာ ရေဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်တွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု နိုင်ဂျီးရီးယားသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# လစ်ဗျားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

**ထရီပိုလီ စက်တင်ဘာ ၂၄**

လစ်ဗျားနိုင်ငံ ဘလက်မောင်တိန်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘလက်မောင်တိန်ဒေသတွင် စက်တင်ဘာ ၂၃ ရက်က ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး မိသားစုဝင် သုံးဦး သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများမှာ အမျိုးသားတစ်ဦး၊ ၎င်း၏ဇနီးနှင့် သမီးတို့ဖြစ်ကြောင်း၊ ၎င်းတို့သည် ဘလက်မောင်တိန်ဒေသ ဝါဒီဇာဂါဒေသကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းသွားလာစဉ် ရေကြီးရေလျှံမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ရေများ မြင့်တက်လာမှုကြောင့် ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်ရေထဲနစ်မြုပ်ခဲ့ပြီး မိသားစုဝင်သုံးဦးစလုံး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်များက ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့် ဒေသများတွင် ပြည်သူများအနေဖြင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုရန်နှင့် ရေစီးသန်နေစဉ်ဖြတ်သန်းရာတွင် သတိပြုသွားလာရန် တိုက်တွန်းထားသည်။

လစ်ဗျားနိုင်ငံ အမျိုးသားမိုးလေဝသစင်တာကလည်း နိုင်ငံ၏ တောင်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတချို့တွင် မိုးကြိုးမုန်တိုင်းများနှင့် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အင်ဒိုနီးရှားနိုင်ငံ ဒူကိုနိုမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောင်ထိပ်မှ မီးတောင်ပြာများ ပေ ၇၀၀၀ ထိ ပျံ့နှံ့နေ

**ဂျကာတာ စက်တင်ဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း မော်လူကာပြည်နယ် ဟာလ်မာဟီရာကျွန်းရှိ ဒူကိုနိုမီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောင်ထိပ်မှမီးတောင်ပြာများ ပေ ၇၀၀၀ ထိ ပျံ့နှံ့နေကြောင်း အင်ဒိုနီးရှား ဘူမိဗေဒနှင့် သဘာဝဘေး အန္တရာယ် လျှော့ချရေးဗဟိုဌာန (PVMBG) ၏ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

မီးတောင်ပြာများသည် တစ်နာရီလျှင် ကိုးကီလိုမီတာခန့်နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားနေကြောင်း၊ ဂြိုဟ်တုမှ ရရှိသည့် အချက်အလက်များအရ မီးတောင်ပြာထွက်ရှိမှု ဆက်လက်ဖြစ်ပေါ်နေကြောင်း Darwin မီးတောင်ပြာ စောင့်ကြည့်အကြံပေးဌာန (Darwin VAAC) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒူကိုနိုမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ ဟာလ်မာဟီရာကျွန်းတွင်တည်ရှိပြီး ပင်လယ်ရေ



မျက်နှာပြင်အထက် ၁၂၇၃ မီတာခန့်မြင့်မားသည့် မကြာခဏလှုပ်ခတ်လေ့ရှိသော မီးတောင်တစ်ခုဖြစ်ပြီး ယခုလအတွင်း ဒူကိုနိုမီးတောင်၏ ပေါက်ကွဲလှုပ်ရှားမှုများဆက်လက်ရှိနေခဲ့ပြီး မီးတောင်၏သတိပေးအဆင့် (၂) ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှားဘူမိဗေဒနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးဗဟိုဌာန (PVMBG) က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မီးတောင်ပြာများသည် အနီးဝန်းကျင်ဒေသများသို့ ပျံ့နှံ့ကာ လေထုညစ်ညမ်းနိုင်သဖြင့် သက်ဆိုင်ရာ အာဏာပိုင်များ၏ သတိပေးချက်များကို လိုက်နာရန် လိုအပ်ကြောင်း၊ ထို့ပြင် ဒေသခံများနှင့်ခရီးသွားများကို မီးတောင်ဝအနီး လေးကီလိုမီတာအတွင်းသို့ ဝင်ရောက်ခြင်းမပြုရန် အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဘယ်လ်ဂျီယံနိုင်ငံတွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရ

**ဘရပ်ဆဲလ် စက်တင်ဘာ ၂၄**

ဘယ်လ်ဂျီယံနိုင်ငံတွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း ဘယ်လ်ဂျီယံမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘယ်လ်ဂျီယံနိုင်ငံတွင် မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရသည့် ဒေသအများအပြားရှိနေပြီး နိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းမှာ မိုးခေါင်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ မိုးရွာသွန်းသည့်ဒေသမှာ ၂၀ ရာခိုင်နှုန်းသာရှိသကဲ့သို့ မိုးရွာသွန်းသည့် ကာလနည်းပါးပြီး မိုးရေချိန်မှာလည်း နည်းပါးခဲ့ကြောင်း ဘယ်လ်ဂျီယံမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ဘယ်လ်ဂျီယံနိုင်ငံ တစ်ဝန်း မိုးခေါင်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ဒေသတွေကတော့ နိုင်ငံဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းရှိပါတယ်။ မိုးခေါင်မှုဟာ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုလဲဖြစ်ပါတယ်။ မိုးခေါင်မှုပြဿနာနဲ့ ရင်ဆိုင်နေရတဲ့ကာလ ရှည်ကြာနေတဲ့အတွက် ရိုက်ခတ်မှုတွေက ကြီးမားခဲ့ပါတယ်။ မိုးခေါင်တဲ့ဒေသတွေမှာ Vivaqua ကုမ္ပဏီက သောက်သုံးရေ ပေးဝေဖို့အတွက် ၃၀ ရာခိုင်နှုန်းထိ တာဝန်ယူသွားမှာဖြစ်ပါတယ်"ဟု ဘယ်လ်ဂျီယံမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ဒန်နာပွိုင့်ကမ်းခြေဒေသကို မုန်တိုင်းဝင်ရောက်နိုင်သဖြင့် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်

**ဝါရှင်တန် စက်တင်ဘာ ၂၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဒန်နာပွိုင့်ကမ်းခြေဒေသကို မုန်တိုင်းဝင်ရောက်နိုင်သဖြင့် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ မုန်တိုင်းသည် အယ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့်မုန်တိုင်းဖြစ်ပြီး မုန်တိုင်းအားကောင်းလာနိုင်သဖြင့် ကြီးမားသည့်ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း၊ စူပါအယ်နီညိုရာသီဥတုအဖြစ် သတ်မှတ်ခဲ့ပြီး နောက်ပိုင်း အယ်နီညိုရာသီဥတု၏ နောက်ဆက်တွဲဆိုးကျိုးများ ဆက်တိုက်ဖြစ်ပေါ်နေပြီး ကယ်လီဖိုးနီးယား ပြည်နယ်သည်လည်း သဘာဝဘေး အန္တရာယ်များဖြင့် နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်နေရသည့် ပြည်နယ်ဖြစ်သည်ဟု အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"ဒန်နာပွိုင့်ကမ်းခြေဒေသကို ဦးတည်ပြီးတော့ အားကောင်းတဲ့ မုန်တိုင်းဝင်ရောက်တိုက်ခတ်နိုင်ပါတယ်။ အန္တရာယ်ရှိတဲ့အတွက်ကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့လဲ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေကိုလဲ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ အသိပေးထားပါတယ်။ ပြည်နယ်ဝန်ကြီးချုပ် နယူးဆမ်ကလဲ အရေးပေါ်အခြေအနေသတ်မှတ်ထားတဲ့အတွက် ပြည်နယ်အစိုးရအနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေပြုလုပ်သွားဖို့ အစည်းအဝေးပြုလုပ်ပြီး လိုအပ်တာတွေ ညွှန်ကြားထားပြီးဖြစ်ပါတယ်" ဟု အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ပြင်ဦးလွင်အနီး အလည်တစ်ခေါက်ခရီး

**သက်နိုင်(ပြင်ဦးလွင်)**

ဒီတစ်ခေါက်သွားခဲ့တဲ့ခရီးက မိမိတို့ပြင်ဦးလွင်မြို့နယ်အတွင်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေရာတစ်ခုပါ။ ကျောင်းပိတ်ရက်မှာ တပည့်လေးတွေက ရေကူးချင်တယ်၊ ရေကူးကန်ကို လိုက်ပို့ပေးပါ။ ရေကူးကန်က မြို့ရဲ့အပြင်မှာရှိနေတယ်၊ ရှုခင်းတွေလဲလှတယ်၊ အစားအသောက်တွေလဲ မှာယူစားသောက်လို့ရတယ်၊ မြင်းစီးလို့လဲရတယ်၊ မြင်းလဲစီးချင်တယ်ဆိုတာကြောင့် သူတို့လေးတွေကို ပို့ဆောင်ရင်း ရောက်ဖြစ်ခဲ့တယ်။

သူတို့သွားချင်တဲ့နေရာကို သေသေချာချာ မေးမြန်းကြည့်တော့ ပြင်ဦးလွင်မြို့နယ်အတွင်းမှာရှိနေတဲ့ ကျီးကိုင်ရွာဆိုတာကို တိတိကျကျ သိလိုက်ရတယ်။ သွားရောက်ကြရမဲ့ ရွာအမည်ကို သိရှိလိုက်ရလို့ ကလေးတွေကို ကားပေါ်တက်ခိုင်းပြီး စတင်ထွက်ခွာလာခဲ့ရတယ်။ ကျီးကိုင်ရွာက ပြင်ဦးလွင်မြို့နဲ့ ငါးမိုင်လောက်သာ ဝေးပါတယ်။ ပြင်ဦးလွင်မြို့ရဲ့ အနီးဆုံးရွာတွေထဲမှာပါဝင်တဲ့ ရွာတစ်ရွာလို့ ပြောရင်ရပါတယ်။

မိမိရဲ့ နေအိမ်ရှိရာကနေ ကျီးကိုင်ရွာကိုသွားဖို့အတွက် ပထမဆုံး ပဒေသာမြို့သစ်ကို ဖြတ်သန်းမောင်းနှင်ရပါတယ်။ ပြင်ဦးလွင်မြို့မှာ ပဒေသာမြို့သစ်က ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ပေါ်ပေါက်လာပြီး အခုချိန်မှာ ပြင်ဦးလွင်မြို့ရဲ့ အစည်ကားဆုံးနေရာတွေထဲမှာပါဝင်နေပါပြီ။ အခုမိမိတို့ကားလေး ဖြတ်သန်းမောင်းနှင်လာတဲ့ ချယ်ရီလမ်းက အစည်ကားဆုံးလို့ပြောရင် မမှားပါဘူး။

ချယ်ရီလမ်းအဆုံးကိုရောက်တာနဲ့ မကြာခင်မှာ ပဒေသာမြို့သစ်ဧရိယာကုန်ဆုံးတော့မှာဖြစ်ပါတယ်။ မြို့သစ်တွေရဲ့ ထုံးစံအတိုင်း များပြားလှတဲ့ အိမ်လေးတွေ၊ အမျိုးအမည်ပေါင်းစုံလင်တဲ့ ဈေးဆိုင်လေးတွေ၊ လမ်းကျဉ်း၊ လမ်းမြောင်၊ လမ်းသေးတွေကို ကျော်လွန်လာခဲ့ပြီး မြို့ရှောင်လမ်းမကြီးရှိရာကို ရောက်လာခဲ့ကြတယ်။ မြို့ရှောင်လမ်းမကြီးက အဆင့်မြင့်ခေတ်မီနိုင်လွန်ကတ္တရာခင်းလမ်းကြီးတစ်ခုပါ။ ဒါပေမဲ့ မိမိတို့က ဒီမြို့ရှောင်လမ်းမကြီးပေါ်ကနေ ဆက်လက်မောင်းနှင်သွားရမှာမဟုတ်ဘဲ လမ်းမကြီးကို ကန့်လန့်ဖြတ်ပြီး ကျီးကိုင်ရွာရှိတဲ့ ရှေ့တည့်တည့်လမ်းကနေ မောင်းနှင်သွားကြရမှာဖြစ်ပါတယ်။ မြို့ရှောင်လမ်းမကြီးကို ဖြတ်သန်းပြီးတာနဲ့ မြင်ကွင်းအားလုံးက ပြောင်းလဲသွားခဲ့တယ်။ ကြီးမားကျယ်ဝန်းတဲ့ကော်ဖီခြံတွေ၊ အရိပ်ရသစ်ပင်သစ်တောမြင့်မြင့်ကြီးတွေကို တွေ့မြင်လာရတယ်။

ကော်ဖီခြံကြီးတွေနဲ့အတူ ကော်ဖီပင်တွေကို အဓိက ကူညီပံ့ပိုးပေးနေကြတဲ့ ယူကလစ်၊ ခါတော်မှီ၊ ကသစ်၊ ပိန္နဲ၊ ထောပတ်၊ မက္ကဒေးမီးယား စတဲ့အပင်ကြီးတွေက တောအုပ်ကြီးတွေလို ရှိနေကြပြန်တယ်။ ဒီအပင်ကြီးတွေကြောင့် အရိပ်ရပြီး အေးအေးချမ်းချမ်းဖြစ်နေသလို ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတယ်။ ကော်ဖီခြံကြီးတွေ ဝန်းရံနေတဲ့ လမ်းလေးအတိုင်း မောင်းလာခဲ့ရင်း ကော်ဖီခြံတွေဆုံးသွားတာနဲ့ ကျီးကိုင်ရွာကို ရောက်လာခဲ့တယ်။ မိမိတို့သွားရောက်ကြရမဲ့နေရာက ကျီးကိုင်ရွာတွင်းကနေ ဖြတ်သန်းမောင်းသွားရမှာပါ။ ဒါကြောင့် လမ်းဆုံတစ်နေရာကနေ ညာဘက်ကို ချိုးကွေ့ပြီး ရွာတွင်းကို ဝင်ရောက်လာခဲ့ရတယ်။

မိမိတို့ အခုမောင်းလာခဲ့တဲ့လမ်းက ပြင်ဦးလွင်မြို့နယ်ရဲ့ အစွန်ဆုံးပြင်စာဆိုတဲ့ရွာထိ ဖောက်လုပ်ထားတဲ့လမ်းပါ။ ပြင်စာရွာကတော့ ဒုဋ္ဌဝတီမြစ်အနီးမှာရှိနေတယ်။ တောင်ပေါ်အမြင့်မှာ ရွာတည်ထားတဲ့ ပြင်စာကနေ အောက်ကိုဆင်းသွားရင် ဒုဋ္ဌဝတီမြစ်ရှိရာကို ရောက်သွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ဖောက်လုပ်ထားတဲ့ လမ်းမရှိသေးဘဲ တောလမ်းကနေ သွားရမှာပါ။ ကျီးကိုင်ရွာက ပြင်စာရွာကို သွားတဲ့လမ်းဘေးမှာဖြစ်နေပေမဲ့ အတွင်းဘက်အခြမ်းမှာ ပိုမိုလူနေထူထပ်ပြီး စည်ကားနေတယ်။ မရောက်ဖြစ်ခဲ့တာ နှစ်အတန်ကြာရှိတဲ့ ကျီးကိုင်ရွာက အရင်လိုမဟုတ်တော့ဘဲ ခေတ်မီတိုက်တာ အဆောက်အအုံတွေ အများအပြားရှိနေတာကို တွေ့လိုက်ရတယ်။ အရင်တုန်းက ရှမ်းရွာငယ်လေးတစ်ရွာက ခေတ်ကာလနဲ့အညီ အရာရာတိုးတက်ပြောင်းလဲသွားခဲ့ပါပြီ။



ပြင်ဦးလွင်မြို့နယ် ကျီးကိုင်ရွာရှိ ရေကူးကန်ကို တွေ့ရစဉ်။

လမ်းညွှန်ပြသထားတဲ့အတိုင်း မောင်းလာခဲ့တာ မကြာခင်မှာ ကျီးကိုင်ရွာရဲ့ ရွာအစွန်ကုန်းမြင့်တစ်ခုပေါ်ကိုရောက်ရှိလာပါတယ်။ ဒီနေရာက ပုဂ္ဂလိကပိုင်ဆိုင်တဲ့နေရာတစ်ခုပါ။ ရှုခင်းလှတဲ့နေရာတွေ၊ ပန်းခြံတွေ၊ သိုးမွေးမြူရေးခြံ၊ မြင်းစီးကွင်း၊ ရေကူးကန် စတဲ့နေရာတွေ အများအပြား ရှိနေကြသလို မြေဧရိယာကလဲ ဧကဆယ်ဂဏန်းနဲ့ချီပြီး ကျယ်ဝန်းတဲ့နေရာကိုရောက်ပါတယ်။ ကလေးတွေ အဓိကသွားချင်တဲ့နေရာက ရေကူးကန်ပါ။ ဒါကြောင့် သူတို့အလိုကျ ရေကူးကန်ရှိရာကို လမ်းညွှန်ဆိုင်းဘုတ်တွေအတိုင်း မောင်းလာခဲ့ရတယ်။ အတွင်းထဲကို ကားမောင်းပြီး ဝင်လာတဲ့အခါ လာရောက်လေ့လာလည်ပတ်ကြတဲ့သူတွေ စိတ်ဝင်စားအောင်၊ ကြိုက်နှစ်သက်အောင် ဆွဲဆောင်မှုအားကောင်းကောင်းနဲ့ သူ့နေရာနဲ့သူ စီစဉ်ထားတာတွေကို တွေ့မြင်လိုက်ရတယ်။ ဒါ့ပြင် ခေတ်မီလုံးချင်း အဆောက်အအုံတွေကလဲ နေရာတိုင်းမှာ အများအပြားရှိနေတယ်။ ဒီနေရာကို လာရောက်တည်းခို အနားယူနိုင်ပြီး ဆွဲဆောင်မှုရှိရှိ ပြုလုပ်ဖန်တီးထားတဲ့ နေရာတွေမှာ အပန်းဖြေနိုင်ဖို့ စီစဉ်ထားတာ ဖြစ်နိုင်ပါတယ်။

မိမိတို့က လမ်းညွှန်ဆိုင်းဘုတ်တွေအတိုင်း မောင်းလာခဲ့ရင်း မြင်းစီးကွင်းမှာ မြင်းစီးနေကြတဲ့သူတွေကိုလဲ တွေ့မြင်ခဲ့ရတယ်။ အများစုက ကလေးငယ်တွေ၊ အမျိုးသမီးငယ်တွေပါ။ ကားပေါ်မှာပါလာတဲ့ ကလေးတွေကို မြင်းစီးကြမလားဆိုပြီး မေးမြန်းကြည့်တော့ ဘယ်သူကမှ စိတ်ဝင်စားမှုမရှိကြဘဲ သူတို့လေးတွေက ရေကူးကန်မှာ ရေကူးကြဖို့ကိုသာ စိတ်အားထက်သန်နေကြတယ်။ ဒါ့ပြင် ရေကူးကန်ကားရပ်နားစခန်းကို ရောက်တာနဲ့ ကားပေါ်ကနေ ခုန်ဆင်းပြေးသွားကြတော့တယ်။ ရေကူးကန်မှာ ရေကူးမယ်ဆိုရင် သတ်မှတ်ထားတဲ့နှုန်းထားငွေကိုပေးဆောင်ကြရပါတယ်။ ဒါကြောင့် ကားပေါ်ကနေ ပြေးလွှားခုန်ဆင်းသွားပြီး ရေကူးကန်ကို ရောက်ရှိနေကြပြီဖြစ်ပေမဲ့ ရေကူးခွင့်မရကြသေးတဲ့ မိမိရဲ့ကလေးတွေအတွက် ငွေရှင်းလက်မှတ်တွေယူပေးပြီးမှ ရေကူးခွင့်ရကြတော့တယ်။

ရေကူးကန်တည်ဆောက်ထားတဲ့ မြေမျက်နှာသွင်ပြင်လက္ခဏာနဲ့ ပုံစံအနေအထားက ထူးခြားဆန်းကြယ်နေတယ်။ ရေကူးကန်ကြီးကို တောင်စောင်းတစ်ခုပေါ်မှာ တည်ဆောက်ထားတာပါ။ မြေမျက်နှာပြင်က ဆင်ခြေလျှောဖြစ်နေတယ်။ ရေကူးကန်ရဲ့အပေါ်အမြင့်ဘက်အပိုင်းမှာ စားသောက်စရာမျိုးစုံမှာယူစားသောက်နိုင်တဲ့ စားသောက်ဆိုင်ကြီးတစ်ခုရှိနေတယ်။ စားသောက်ဆိုင်နဲ့ ရေကူးကန်ရဲ့ကြားထဲမှာ သီးသန့်စားသောက်ခုံတွေ၊ စားပွဲတွေ၊ ရှုခင်းကြည့်စရာနေရာတွေ၊ ထိုင်ခုံတွေရှိနေကြတယ်။ ဒီနေရာကနေ လှေကားထစ်လေးတွေအတိုင်း ဆင်းလာခဲ့ပြီးမှ ရေကူးကန်ကိုရောက်ရှိပါတယ်။ ဆင်ခြေလျှောဖြစ်နေတဲ့ မြေမျက်နှာပြင်မှာ တည်ဆောက်ထားတဲ့ ရေကူးကန်ကနေ အောက်ဘက်မှာရှိနေတဲ့ မြင်ကွင်းတွေ၊ ရှုခင်းတွေအားလုံးကို လှလှပပသာသာယာယာ မြင်တွေ့နေရတယ်။ ဒီလိုမြင်တွေ့ရအောင်လဲ ရေကူးကန်ရဲ့ တည်နေရာက တောင်ပေါ်အမြင့်ပိုင်းနေရာတစ်ခုမှာ တည်ရှိနေတယ်။ ဒါကြောင့် ရေကူးကန် တည်ဆောက်ထားတဲ့ပုံစံက ထူးခြားဆန်းကြယ်နေတယ်လို့ ပြောရတာပါ။ ဒီဧရိယာအဝန်းအဝိုင်းထဲကို လာရောက်လေ့လာလည်ပတ်သူအများစုကလဲ ရေကူးကန်နေရာမှာ အများဆုံးဖြစ်ပြီး ဒီနေရာမှာပဲ စည်ကားနေတယ်။

ရေကူးကန်မှာ ရေကူး၊ ရေကစားနေကြသူတွေရှိနေသလို အပန်းဖြေစားသောက်နေကြသူတွေလဲ ရှိနေတယ်။ တချို့က ဝိုင်းဖွဲ့ပြီး ပျော်ပျော်ပါးပါး သီချင်းဆို ကခုန်နေကြတဲ့သူတွေလဲရှိနေတယ်။ ရေကူးကန်ထဲကနေ အပေါ်တက်လာလိုက်၊ စားသောက်လိုက်၊ ရေကူးကန်ထဲကို ပြန်ဆင်းသွားလိုက်နဲ့ လုပ်နေကြသူတွေလဲရှိတယ်။ အေးအေးဆေးဆေး အပန်းဖြေအနားယူပျော်ပါးနေကြတဲ့ပုံစံပါ။ ဒီလို အနားယူအပန်းဖြေရင်း ပျော်ပါးကြရအောင်လဲ သင့်တင့်အဆင်ပြေတဲ့ နေရာတစ်ခုဖြစ်နေတယ်။ ရေကူးကန်နေရာကနေ မိုင်နဲ့ချီပြီးရှိတဲ့ ရှုခင်း၊ ရှုကွက်တစ်မျှော်တစ်ခေါ်တွေကို မြင်တွေ့နေရတယ်။ ကြည့်ရှုမြင်တွေ့နေရတာတွေထဲမှာ တောင်တန်းကြီးတွေ၊ ယူကလစ်တောကြီးတွေ၊ ရွာလေးတွေ၊ လယ်ကွင်းလယ်ကွက်တွေ၊ စိုက်ခင်းကြီးတွေ၊ လမ်းလေးတွေ စတဲ့မြင်ကွင်းအများအပြား ပါဝင်နေတယ်။

တောင်တန်းကြီးတွေက အနီးမှာကော၊ အဝေးနေရာတွေမှာကော ညို့ညို့မှိုင်းမှိုင်းနဲ့ပါ။ ယူကလစ်တောတန်းကြီးတွေက စီရရီနဲ့ ဧကပေါင်းများစွာရှိနေတယ်။ အစိုးရသစ်တောဌာနပိုင် သစ်တောကြိုးဝိုင်းခင်းကြီးတွေဖြစ်တဲ့အတိုင်း စနစ်တကျ လှလှပပ ဖြစ်နေကြတယ်။ ယူကလစ်တောတန်းကြီးက အုပ်အုပ်ဆိုင်းဆိုင်းနဲ့ပါ။ တောင်ပေါ်အမြင့်ပိုင်းကနေ မြင်တွေ့နေရတဲ့ ရွာငယ်လေးတွေရဲ့ ဘေးပတ်ဝန်းကျင်မှာ လယ်ကွင်းလယ်ကွက်တွေက ဝန်းရံထားကြတယ်။ သစ်ပင်တွေ၊ အိမ်လေးတွေနဲ့ ရွာလေးတွေက ငြိမ်ငြိမ်သက်သက်ဖြစ်နေတယ်။ ရွာအစွန်တစ်နေရာကနေ တဖြည်းဖြည်းလွင့်တက်လာပြီး အပြာရောင်ကောင်းကင်ကြီးအတွင်း ကွယ်ပျောက်သွားကြတဲ့ မီးခိုးတွေကိုလဲမြင်နေရတယ်။ လယ်ကွင်းလယ်ကွက်တွေက ကန်သင်းရိုးတွေ၊ အချို့လယ်ကွက်တွေမှာ စိမ်းစိမ်းစိုစိုစပါးပင်တွေ၊ အချို့လယ်ကွက်တွေမှာရေဖွေးဖွေးတွေ၊ အချို့ရေမသွင်းရသေး၊ စပါးမစိုက်ရသေးတဲ့ လယ်ကွက်တွေမှာ တောင်မြင့်မြေနီတွေကို တွေ့မြင်နေရတယ်။ ထပ်မံမြင်တွေ့နေရတဲ့ စိုက်ခင်းကြီးတွေက ကော်ဖီ၊ မက္ကဒေးမီးယား၊ ထောပတ်၊ ပိန္နဲ၊ ခါတော်မှီ စတဲ့စိုက်ခင်းကြီးတွေဖြစ်ပါတယ်။ ကော်ဖီပင်တွေကို အကြောင်းပြုပြီး ပေါ်ပေါက်လာရတဲ့ အရိပ်ရစိုက်ခင်းကြီးတွေပါ။ အရင်တုန်းက ရှိနေခဲ့ကြတဲ့ ဒေသထွက် မက်မန်းသီးစိုက်ခင်းကြီးတွေကတော့ မရှိကြတော့ပါဘူး။ လမ်းလေးတွေကို သစ်တောသစ်ပင်တွေကြားမှာ မြွေလိမ်မြွေကောက်ပုံစံနဲ့၊ ပေါ်လိုက်ပျောက်လိုက်ပုံစံနဲ့၊ အနီးအဝေး၊ အရှည်အတို၊ အကျဉ်းအကျယ်ပုံစံအမျိုးမျိုးနဲ့ တွေ့မြင်နေရတယ်။ ဒီလမ်းလေးတွေရှိနေကြလို့လဲ ဒီနေရာကို လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်နဲ့ အချိန်တိုအတွင်း ရောက်ရှိလာကြရတာပါ။

ကလေးတွေ ရေကူးကန်ထဲဆင်းပြီး ရေကူး၊ ရေကစားနေတဲ့အချိန်မှာ မိမိက ရေကူးကန်ထဲမဆင်းဘဲ ရှုခင်းတွေကြည့်ကောင်းတဲ့ နေရာတစ်ခုမှာထိုင်ပြီး အေးအေးဆေးဆေး အနားယူနေလိုက်တယ်။ ဒီလို သက်သက်သာသာနဲ့ အနားယူလို့ရတဲ့နေရာလေးက ဒီတစ်ခေါက် အလည်ရောက်ခဲ့တဲ့ ပြင်ဦးလွင်မြို့အနီးက နေရာလေးဖြစ်ပါတယ်။

# စနေနေ့ညကစားမဲ့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲမှာ တိုက်စစ်ကစားပုံထက်မြက်နေတဲ့ စပိန်အသင်း၊ ဆလိုဗေးနီးယားအသင်း၊ ဒိန်းမတ်အသင်းတို့ကိုရွေးချယ်ရမှာပါ

M L



ဒီတစ်ပတ်မှာတော့ ကလပ်အသင်းပွဲစဉ်တွေရပ်နားထားပေမဲ့ နိုင်ငံအသင်းပွဲစဉ်တွေကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ နိုင်ငံလက်ရွေးစင်ပွဲစဉ်တွေကတော့ ကလပ်အသင်းပွဲတွေလောက် ချဉ်းကပ်ရမလွယ်ပေမဲ့ အစဉ်အလာရအသာစီးရရှိထားပြီး ထိပ်တန်းအဆင့်ကစားသမားတွေပိုများတဲ့ နိုင်ငံအသင်းတွေက ရလဒ်အမြဲကောင်းတတ်တာကြောင့် အခုတစ်ပတ်မှာလဲ တွေ့ဆုံမှုအစဉ်အလာမှာအသာရထားတဲ့ အသင်းတွေကိုပဲ ဦးစားပေးရွေးချယ်မှာဖြစ်ပါတယ်။

## စပိန်အသင်းကို ရွေးရမှာပါ

စနေနေ့ညကစားမဲ့ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A က အကြိုက်တွေ့တာကတော့ အင်္ဂလန်အသင်းနဲ့ စပိန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ နည်းပြတူချယ်ကို ခန့်အပ်ပြီးနောက်ပိုင်း ခံစစ်နဲ့တိုက်စစ်မျှတမှုရှိလာခဲ့ပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ဟယ်ရီကိန်း၊ ဘယ်လင်ဟမ်တို့ခြေစွမ်းမပြနိုင်ရင် ဂိုးရဖို့ခက်နေတာကိုတော့ပြင်ဆင်ရမှာပါ။ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ နည်းပြတူချယ်ကအသင်းကို တတိယနေရာထိရောက်ရှိအောင်ကြိုးပမ်းနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ နည်းပြတူချယ်ရဲ့ကစားသမားစာရင်းမှာ အရင်ကမ္ဘာ့ဖလားပြိုင်ပွဲက ရွေးချယ်ထားတဲ့ ကစားသမားအများစုသာဖြစ်နေပြီး တိုက်စစ်ပိုင်းက အိုလီဝက်ကင်းအစားနူမိုဟာ၊ တိုနေးနေရာမှာ ကယ်ဘက်လေဝင်တို့ အစားထိုးပါဝင်လာတာဖြစ်လို့ အရင်တိုက်စစ်ပိုင်းထက် ကစားအားပိုကောင်းလာနိုင်တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲတွေမှာတော့ အင်္ဂလန်အသင်းက အောင်မြင်မှုမရသေးတာကြောင့် အခုပွဲမှာ စပိန်အသင်းကို ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ စောင့်ကြည့်သွားရမှာပါ။

စပိန်အသင်းကတော့ နည်းပြဖူအန်တီလက်ထက်မှာ အကောင်းဆုံးပုံစံရရှိထားတာကြောင့် ဥရောပဖလား၊ ကမ္ဘာ့ဖလားလို အဓိကဆုဖလားတွေကို ဆွတ်ခူးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဖူအန်တီကတော့ ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုရထားတဲ့လူစာရင်းကို အများကြီးအပြောင်းအလဲမလုပ်ထားသလို လက်ရှိမှာလဲ ယာမယ်၊ နစ်ကိုးဝီလျံ၊ ရိုဒရီ၊ ပက်ထရီတို့လို အဓိကကစားသမားတွေ ဒဏ်ရာကင်းစင်နေတာကလဲ အားသာချက်တစ်ခုဖြစ်နေတာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပိန်အသင်းကစားပုံဟာ အသင်းလိုက်ကစားအားနဲ့ ခံစစ်ကိုအကောင်းဆုံးတည်ဆောက်နိုင်ခဲ့တာကြောင့် ပြိုင်ပွဲတစ်လျှောက်မှာ တစ်ဂိုးသာပေးဂိုးရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာ အင်္ဂလန်အသင်းအနေနဲ့ အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးနိုင်ရင်တောင် အသင်းလိုက်ကစားအားနဲ့ အဆုံးသတ်သေချာမှုပိုင်းမှာ စပိန်အသင်းကိုယှဉ်လို့မရပါဘူး။ တွေ့ဆုံမှုအစဉ်အလာမှာလဲ စပိန်အသင်းကအသာရထားတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာနေတဲ့ စပိန်အသင်းကိုပဲရွေးရမှာပါ။

### အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၁ | ကွန်ဂို |
| မက္ကဆီကို | ၂ | - | ၃ | အင်္ဂလန် |
| နော်ဝေ | ၁ | - | ၂ | အင်္ဂလန် |
| အင်္ဂလန် | ၁ | - | ၂ | အာဂျင်တီးနား |
| ပြင်သစ် | ၄ | - | ၆ | အင်္ဂလန် |

### စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၀ | ဩစတြီးယား |
| ပေါ်တူဂီ | ၀ | - | ၁ | စပိန် |
| စပိန် | ၂ | - | ၁ | ဘယ်လ်ဂျီယံ |
| ပြင်သစ် | ၀ | - | ၂ | စပိန် |
| စပိန် | ၁ | - | ၀ | အာဂျင်တီးနား |

## ဆလိုဗေးနီးယားအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ နေးရှင်းလိဂ်ပြိုင်ပွဲမှာ နောက်ထက်အကြိုက်တွေ့တာကတော့ ဆလိုဗေးနီးယားအသင်းနဲ့ စကော့တလန်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ နေးရှင်းလိဂ် အုပ်စု B မှာ ဆွစ်ဇာလန်အသင်း၊ မက်ဆီဒိုးနီးယားအသင်းတို့တစ်အုပ်စုတည်းကစားရမှာကို တွေ့ရမှာပါ။ သူတို့အသင်းကလဲ ထိပ်တန်းအဆင့်ကစားသမား အများအပြားမပိုင်ဆိုင်ထားပေမဲ့ ခံစစ်ကစားပုံနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းဖြစ်တာကြောင့် အိမ်ကွင်းမှာဆို အသင်းကြီးတွေကိုတောင် အခက်တွေ့အောင်ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲမှာ စကော့တလန်လို ကစားကွက်ပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတဲ့အသင်းကိုဖိအားပေးနိုင်မှာသေချာပါတယ်။

စကော့တလန်အသင်းကတော့ အရင်နည်းပြစတိဗ်ကလက်လက်ထက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် အဓိကပြိုင်ပွဲကြီးတွေမှာ ပါဝင်ကစားခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ နည်းပြသစ်ပိုဂိုနိုလီတာဝန်ယူထားတာကြောင့် ကစားကွက်ပိုင်းနဲ့ ကစားသမားစာရင်းအပြောင်းအလဲရှိလာတာဖြစ်ပါတယ်။ ဒ့ါပြင် ကွင်းလယ်က တွန်မီနေး၊ တိုက်စစ်ပိုင်းက ချီအဒမ်နဲ့ ရှန်လန်းတို့လိုကစားသမားတွေ ဒဏ်ရာပြဿနာရှိနေတာကလဲ အခုပွဲစဉ်မှာ ဆလိုဗေးနီးယားကို ရင်ဆိုင်ဖို့အခက်တွေ့နိုင်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာ စကော့တလန်ကနှစ်ပွဲသရေ၊ တစ်ပွဲနိုင်ထားပေမဲ့လက်ရှိခြေစွမ်းပိုင်းနဲ့စုဖွဲ့မှုမှာ ဆလိုဗေးနီးယားအသင်းပိုကောင်းနေတာကြောင့် အခုပွဲမှာ ဆလိုဗေးနီးယားအသင်းနဲ့ပဲ လက်တွဲရမှာပါ။

### ဆလိုဗေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆွီဒင် | ၁ | - | ၁ | ဆလိုဗေးနီးယား |
| ဟန်ဂေရီ | ၁ | - | ၀ | ဆလိုဗေးနီးယား |
| မွန်တီနီဂရိုး | ၂ | - | ၃ | ဆလိုဗေးနီးယား |
| ဆလိုဗေးနီးယား | ၁ | - | ၁ | ဆိုက်ပ်ရက် |
| ခရိုအေးရှား | ၂ | - | ၁ | ဆလိုဗေးနီးယား |

### စကော့တလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၄ | - | ၁ | ကျူရာကာအို |
| ဘိုလီဗီးယား | ၀ | - | ၄ | စကော့တလန် |
| ဟောတီ | ၀ | - | ၁ | စကော့တလန် |
| စကော့တလန် | ၀ | - | ၁ | မော်ရိုကို |
| စကော့တလန် | ၀ | - | ၃ | ဘရာဇီး |

## ဒိန်းမတ်အသင်းကို အားပေးရမှာပါ

ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ လိဂ် A မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဒိန်းမတ်အသင်းနဲ့ ဝေးလ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒိန်းမတ်အသင်းဟာ ကမ္ဘာ့အဆင့် (၂၁) မှာရှိနေပြီး ဥရောပအဆင့်မှာ အသင်းကြီးတွေကတောင် ရင်ဆိုင်ဖို့ခက်ခဲတဲ့အသင်းတစ်သင်းဖြစ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ အဓိကပြိုင်ပွဲတွေမှာ ပါဝင်ကစားခွင့်ရခဲ့ပေမဲ့ အောင်မြင်မှုနဲ့ဝေးကွာနေဆဲဖြစ်ပြီး နေးရှင်းလိဂ်ပြိုင်ပွဲမှာတော့ လိဂ် A မှာပဲ ဆက်လက်ကစားခွင့်ရနေတာကို သတိပြုရမှာပါ။ သူတို့အသင်းကိုတော့ ဥရောပကလပ်တွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေနဲ့ စုဖွဲ့ထားတာကိုတွေ့ရမှာပါ။ သူတို့အသင်းကတော့ ပြိုင်ပွဲတိုင်းမှာ တိုက်စစ်ကစားပုံကောင်းပေမဲ့ ခံစစ်ပိုင်းမှာတော့ အားနည်းချက်ရှိနေတာဖြစ်လို့ နည်းပြအနေနဲ့ အခုပွဲမှာ ခံစစ်ကစားပုံပြင်လာမယ်ဆိုရင်တော့ ဝေးလ်အသင်းလို အဝေးကွင်းအားနည်းချက်ရှိတဲ့အသင်းကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။

ဝေးလ်အသင်းကတော့ ကမ္ဘာ့အဆင့် (၃၈) မှာ ရပ်တည်နေပြီး နောက်ပိုင်းနှစ်တွေမှာ ခြေစွမ်းပိုင်းတိုးတက်လာတာကြောင့် အဓိကပြိုင်ပွဲကြီးတွေမှာ ပါဝင်ကစားခွင့်ရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းကလဲ နည်းပြဘယ်လာမီလက်ထက်မှာ တိုက်စစ်ကစားပုံကောင်းလာခဲ့ပေမဲ့ အဆုံးအဖြတ်ပွဲတွေမှာတော့ ဂိုးရဖို့ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ဝေးလ်အသင်းဟာ အခုနှစ်လိဂ် A မှာ နော်ဝေ၊ ပေါ်တူဂီ၊ ဒိန်းမတ်တို့နဲ့တွေ့ဆုံနေတာဖြစ်ပါတယ်။ နည်းပြဘယ်လာမီကတော့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းပြနေတဲ့ကစားသမားတွေကို ရွေးချယ်ထားပေမဲ့ ဒိန်းမတ်အသင်းနဲ့ယှဉ်ရင်တော့ စုဖွဲ့မှုအားနည်းချက်ရှိနေတာကို တွေ့ရမှာပါ။ အထူးသဖြင့် ဝေးလ်အသင်းတိုက်စစ်မှာ ပွဲအဖြေကိုပြောင်းလဲပေးနိုင်မဲ့ ထိပ်တန်းအဆင့်တိုက်စစ်မှူးမရှိတာကြောင့် အခုပွဲမှာ ရုန်းကန်ရဖို့များပါတယ်။ ထိပ်တိုက်တွေ့ဆုံမှုမှာလဲ ဒိန်းမတ်အသင်းကပဲနိုင်ပွဲရထားတာကြောင့် အခုပွဲမှာ အိမ်ရှင်အားသာချက်နဲ့ နိုင်ပွဲရှာဖွေမဲ့ ဒိန်းမတ်အသင်းကိုပဲအားပေးရမှာပါ။

### ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၂ | - | ၂ | ဘယ်လာရုစ် |
| စကော့တလန် | ၄ | - | ၂ | ဒိန်းမတ် |
| ဒိန်းမတ် | ၄ | - | ၀ | မြောက်မက်ဆီဒိုးနီးယား |
| ချက် | ၂ | - | ၂ | ဒိန်းမတ် |
| ကွန်ဂို | ၀ | - | ၀ | ဒိန်းမတ် |

### ဝေးလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝေးလ် | ၇ | - | ၁ | မက်ဆီဒိုးနီးယား |
| ဝေးလ် | ၁ | - | ၁ | ဘော့ဇနီးယား |
| ဝေးလ် | ၁ | - | ၁ | မြောက်အိုင်ယာလန် |
| ဝေးလ် | ၁ | - | ၁ | ဂါနာ |
| ဘယ်လ်ဂျီယံ | ၂ | - | ၁ | ဝေးလ် |

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၁၁-၇၄၀၀၆၊ ၀၁၁-၇၄၀၀၈
ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၉၉
မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင်စန်းဝေ(၁/မကန(နိုင်)၀၅၇၂၆၉)၏ သားမောင်အောင်ထက်ဆွေ (ခ) ထက်ကြီး (၉/ခမစ(နိုင်)၀၁၉၅၇၈)သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ဤအိမ်နှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ခင်စန်းဝေ(၁/မကန(နိုင်)၀၅၇၂၆၉)

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**သစ်တော**
**မှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် အမှတ်(၁၊၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန်အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/ အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁ - ၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁ - ၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။ (ဖုန်း ၀၃၃- ၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ)(ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်) (ဖုန်း ၀၃၁-၇၄၂၇၄)နှင့် သဇင် FM၊ ပြင်ဦးလွင် (ဖုန်း ၀၃၃-၆၀၁၇၀) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။




## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ညည ၃၇၊ ၂၄ နေ (ဘ) ဦးသစ်လွင်၊ (မိခင်) ဒေါ်မြစန်းကြည်တို့၏သမီးဖြစ်သူ မကျော့နန္ဒာစိုး (ခ) မမဲလုံးသည် မိဘများ၏ဆိုဆုံးမမှုများကို နားမထောင်ပါသဖြင့် မိဘများကို အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်နေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းလွင်(၉/တသန(နိုင်)၀၈၁၆၃၀)

ဒေါ်မြစန်းကြည်(၉/မနတ(နိုင်)၀၇၅၈၀၃)

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒေါက်တာ သက်ညွန့် B.V.S(Ygn)
## Advisor, Myanmar C.P.Livestock Co.,Ltd
## Old Lafonian
## အသက် (၇၉)နှစ်

မုံရွာမြို့နေ (ဦးမြို့ + ဒေါ်ခင်မြို့)တို့၏သားကြီး
(ဦးမောင်မောင်ကြီး + ဒေါ်ခင်ခင်သန်း)၊
ရန်ကုန်မြို့နေ (ဦးတင်မောင်အေး) + ဒေါ်တင်မမ တို့၏သားသမက်၊
ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းအောင်ရပ်ကွက်နေ
ဒေါ်တင့်တင့်မြိုင် (ခ) ဒေါ်မေသက်တင်၏ ချစ်လှစွာသော ခင်ပွန်း၊
ဦးသက်နိုင်ဦး + ဒေါ်အိဖြူစင်၊ ဦးကြံတိုင်းအောင် + ဒေါ်အေးအေးသက် တို့၏
ချစ်လှစွာသော ဖခင်၊ မယွန်းဖြူဦး၊ မစုလဲ့ဖြူ တို့၏ချစ်လှစွာသော အဘိုးဖြစ်သူ

**ဒေါက်တာသက်ညွန့် အသက် (၇၉)နှစ်**

သည် ၂၄-၉-၂၀၂၆(ကြာသပတေးနေ့) နံနက် ၆:၄၈ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၅-၉-၂၀၂၆ (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် ပုသိမ်ကြီးမြို့နယ်၊ ရေထွက်သုဿာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၅-၆၇ လမ်းထောင့်၊ GPEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးစိုင်းလှိုင်ခမ်း၏သမီး နန်းမွေဖောင်ခမ်းအား **မရွှေဖူးပြည့်စုံ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေဖူးပြည့်စုံ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အလင်းတန်းကိုယ်ပိုင်ကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်နန်းထိုက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိန်လှိုင်** ဖြစ်ပါကြောင်း။ **ဦးစိန်လှိုင်(၉/အမရ(နိုင်)၁၇၉၃၅၇)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မဝင်းဧကရီမော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးသိန်းထွန်း** ဖြစ်ပါကြောင်း။ **ဦးသိန်းထွန်း(၉/အမရ(နိုင်)၀၄၉၆၀၆)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြို့သာမြို့၊ အထကကျောင်းတွင် ပညာသင်ကြားနေသော Grade-12 မှ မချစ်ချစ်ဇော်နှင့် မငယ်ငယ်၊ Grade-7 မှ မဇင်ဖြိုးဝေ တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်ခိုင်** ဖြစ်ပါကြောင်း။

**ဦးကျော်ခိုင်(၉/နထက(နိုင်)၁၆၉၇၀၉)**

## အဖိုးတန်ရေချိုကို ချွေတာပါ

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊
လယ်ဦးရပ်ကွက်နေ
ခင်မောင်ရီ (ဘ) ဦးလှမောင်
(၁၃/ကမန(နိုင်)၀၅၂၁၄၀)၏
နိုင်ငံကူးလက်မှတ်
အမှတ်(MH-741227)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-254026671

## ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊
(၃၃)ရပ်ကွက်၊
မဟူရာ(၁)လမ်းနေ
မနှင်းဝေဝေအောင်
(ဘ) ဦးမောင်မောင်ထွေး
(၁၂/ဥကတ(နိုင်)၁၆၅၈၀၇)၏
နိုင်ငံကူးလက်မှတ်အမှတ်
(မမှတ်မိ)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-687791279

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊
ကျောက်တန်းမြို့နယ်၊
အရှေ့ပိုင်း၊
ပါဒဝ(၅)လမ်းနေ
မကုမာရီ (ဘ) ဦးလဒ
(၁၂/ကတန(ပြု)၀၀၁၂၆၆)၏
နိုင်ငံကူးလက်မှတ်အမှတ်
(မမှတ်မိ)မှာ
ပျောက်ဆုံးသွားပါသဖြင့်
တွေ့ရှိပါက
အကြောင်းကြားပေးပါရန်။
09-670588212

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ရောက်ရှိ



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရီဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေး စစ်ရေယာဉ် Tai Hu တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Xu Fang ဦးစီး၍

စာမျက်နှာ ၂၅ ကော်လံ ၄ ☆

ရတနာပုံ

ယနေ့ဖတ်စရာ

တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ စာမျက်နှာ - ၂၂

၅၅ ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာ စာမျက်နှာ - ၂၄

# အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အသင်း နှစ်သင်း ဂျပန်နိုင်ငံသို့ ထွက်ခွာ



အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံကိုယ်စားပြု Esports ပြိုင်ပွဲဝင် အားကစားသမားများ ဂျပန်နိုင်ငံသို့ ထွက်ခွာစဉ်။

ရန်ကုန် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံ အိုက်ချိ-နာဂိုယာမြို့တွင် ကျင်းပလျက်ရှိသည့် အကြိမ် ၂၀ မြောက် အာရှအားကစားပြိုင်ပွဲ(20th Asian Games 2026)တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်း နှစ်သင်းတို့သည် ယနေ့တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

အာရှအားကစားပြိုင်ပွဲတွင် Esports အသင်း(Team Zanaka)သည် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အိမ်ရှင် ဂျပန်၊ တရုတ်၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"အာရှအားကစားပြိုင်ပွဲဆိုတာ အာရှနိုင်ငံတွေအတွက် အရေးပါတဲ့

စာမျက်နှာ ၂၄ ကော်လံ ၁ ◆

ဘဏ်ပိတ်ရက် ကြေညာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအက်ဥပဒေအရ အောက်တိုဘာ ၁ ရက် (ကြာသပတေးနေ့)သည် **"ဘဏ်ပိတ်ရက်"** ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ကျောက်တန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၂၅၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၆၈၆ ဒသမ ၇ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



စိုးနိုင်၊ မရီရီဝင်း၊ သန်းနိုင်တို့ကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

ကျောက်တန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၂၅၀ တန်ဖိုး၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၆၈၆ ဒသမ ၇ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အသီးသီးအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ည ၆ နာရီခွဲတွင် သတင်းအရ ကျောက်တန်းမြို့နယ် အမှတ်(၁)ရပ်ကွက် စက်မှုလမ်းတွင် ရွှေတောင်မြို့နယ် လေးကျွန်းဆီမီးရွာနေ မရီရီဝင်း ၆၄ နှစ်၊ ကျောက်တန်းမြို့နယ် သီလဝါတိုးချဲ့ရပ်ကွက်နေ သန်းနိုင် ၆၃ နှစ်၊ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ စာမျက်နှာ ၂၅ ကော်လံ ၁ ■

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၁၇ ကော်လံ ၁ ●

